





အများဆုံးလက်တင်မင်္ဂလာရှီးမြှင့်ခြင်းခံရသောဓမ္မဆရာ ၁၈ဦး။ (ဒီဇင်ဘာ ၁၁၊၂၀၁၅)




မြောင်းမြဓမ္မတက္ကသိုလ်နှစ်၅၀ပြည့် ရွှေရတုဘွဲ့နှင်းသဘင်၌ အောင်မြင်ခဲ့သောကျောင်းသူ/သားများ

ခရစ်တော်ကိုမြော်လင့်သော
**သတ္တမနေ့**
အသင်းတော်

အသင်းတော်တွင်းကန့်သတ်

# MYANMAR Adventist News

ဇန်နဝါရီလ မှ ဖွန်လ | မြော်လင့်ခြင်းသတင်း | ၂၀၁၆

## ၂၀၁၆ မှ ၂၀၂၀ခုနှစ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သတ္တမနေ့အသင်းတော်ခေါင်းဆောင်ကြီးများနှင့် ဌါနဆိုင်ရာညွှန်ကြားရေးမှူးများ


သိက္ခာတော်ရဦးကယ်လီပီလျန်း
အတွင်းရေးမှူးချုပ်


သိက္ခာတော်ရဦးတီမောသေမူနားပေါလ်
သာသနာပိုင်ချုပ်


ဆရာကြီးဦးခဲလေသိန်း
ဘဏ္ဍာရေးမှူးချုပ်


ဆရာကြီးဦးဝက်စလေဒိုး
Assistant to the SSD Treasurer


ဒေါ်ချိုချိုပေါလ်
ကလေး/မိသားစုဌာနဆိုင်ရာညွှန်ကြားရေးမှူး




ဒေါ်စိုဟီးလာရှိုင်း
အမျိုးသမီး/ သိုးထိန်းမယ်ဌာနဆိုင်ရာညွှန်ကြားရေးမှူး


သိက္ခာတော်ရဦးခင်မောင်လတ်
ဓမ္မရေးရာဌါနညွှန်ကြားရေးမှူး


သိက္ခာတော်ရဦးခလောဒီးယပ်စ်ဘရောင်း
ပညာရေးဌါနညွှန်ကြားရေးမှူး


သိက္ခာတော်ရဦးကိုင်ခန့်ခွါလ်
ဘဏ္ဍာစိုးဌါနညွှန်ကြားရေးမှူး


သိက္ခာတော်ရဦးချိုရန်ရှိခ်
ကမ္ဘာလုံးဆိုင်ရာဌါနညွှန်ကြားရေးမှူး


သိက္ခာတော်ရဦးရှိုင်းသာဒွေး
ဆက်သွယ်ရေးဌါနညွှန်ကြားရေးမှူး


သိက္ခာတော်ရဦးဆားနေညွှန့်
ကျန်းမာခြင်းဌါနညွှန်ကြားရေးမှူး


သိက္ခာတော်ရဦးဝေလစင်ဖိုး
လူငယ်ဌါနညွှန်ကြားရေးမှူး


သိက္ခာတော်ရဦးထန်ကန်းလို
ဥပုသ်စာဖြေဌါနညွှန်ကြားရေးမှူး


သိက္ခာတော်ရဦးလားရော်ဘောလ်လာ
ပုံနှိပ်ထုတ်ဝေရေးဌါနညွှန်ကြားရေးမှူး

# မြော်လင့်ခြင်းသတင်း

| | | |
|---|---|---|
| နာယက | - | ဦးကယ်လီပီလျန်း |
| အကြံပေး | - | ဦးတိမောသေမူနားပေါလ် |
| အုပ်ချုပ်မှုတာဝန်ခံ | - | ဦးရှိုင်းသာဒွေး |
| အယ်ဒီတာ | - | ဒေါ်လှလှမြင့် |
| ဘဏ္ဍာရေးမှူး | - | ဦးခဲလေသိန်း |
| သတင်းရယူရေးနှင့် | - | သာသနာဆက်သွယ်ရေးဌာန |
| ဖြန့်ချိရေး | | ဦးညွန့်ရွှေ (ဧရာဝတီတိုင်း) |
| | | ဦးဟေရှာယ (အလယ်ပိုင်းတိုင်း) |
| | | ဦးရွှေသက်ဦး (အရှေ့တောင်တိုင်း) |
| | | ဦးရှိဇားမာ (အထက်ပိုင်းတိုင်း) |
| | | ဦးခင်မောင်ရင် (ရန်ကုန်တိုင်း) |
| ကွန်ပျူတာစာစီ/စာရိုက် | - | ဂရေစီဖိုး၊ စောကပေါ်မူး။ |
| ဒီဇိုင်း | - | ကိုမျိုး (ပန်းကြာခိုင်) |
| ဓါတ်ပုံ | - | ဟေထူး၊ ထန်ပေါင်၊ စောကပေါ်မူး၊ |
| ထုတ်ဝေသူ | - | မြန်မာယူနီယံမစ်ရှင် |
| မြော်လင့်ခြင်းသတင်းထုတ်ရပ် | - | အမှတ် (၆၈)၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ် | - | ၀၉ ၂၅၀၃၅၄၁၀၀၊ ၀၉ ၂၅၀၀၂၆၇၄၅ |



# မြန်မာယူနီယံခေါင်းဆောင်များနှင့် ဌါနဆိုင်ရာညွှန်ကြားရေးမှူးများ

| | | |
|---|---|---|
| တိမောသေမူနားပေါလ် | - | သာသနာပိုင်ချုပ် |
| ကယ်လီပီလျန်း | - | အတွင်းရေးမှူးချုပ် |
| ခဲလေသိန်း | - | ဘဏ္ဍာရေးမှူးချုပ် |
| ကယ်လီပီလျန်း | - | တရားဥပဒေ/ပြင်ပသာသနာ/သတင်းနှင့်နည်းပညာ/အငြိမ်းစားဌာန |
| ချိုချိုပေါလ် | - | ကလေး/မိသားစုသာသနာဌာန |
| စိုဟီးလာရှိုင်း | - | သိုးထိန်းမယ်/အမျိုးသမီးသာသနာဌာန |
| ရှိုင်းသာဒွေး | - | သာသနာဆက်သွယ်ရေး/ပြည်သူ့ရေးရာနှင့်ဘာသာရေးလွတ်လပ်ခွင့်/အေဒဗလျူအာရ် မြော်လင့်ခြင်း အသံ/မီဒီယာ/ကမ္ဘာလုံးဆိုင်ရာသာသနာဌာန |
| ခလောဒီးယပ်စ်ဘရောင်း | - | ပညာရေး/အမျိုးသားဝန်ဆောင်မှုဌာန |
| ဆားနေညွှန့် | - | ကျန်းမာခြင်း/မြော်လင့်ခြင်းအရှေ့တောင်အာရှ စီမံကိန်းဌာန |
| ခင်မောင်လတ် | - | ဓမ္မရေးရာ/ဂိုဏ်းပေါင်းစုံသာသနာ/စုပေါင်းသာသနာ/ပြုစုပျိုးထောင်ခြင်း/တပည့်တော်ဖြစ်ခြင်း/ထိန်သိမ်းခြင်းသာသနာဌာန |
| ထန်ကန်းလို | - | ဥပုသ်စာဖြေ/ကိုယ်ပိုင်သက်သေခံခြင်း/ကမ္ဘာအနှံ့သာသနာဖြန့်/မြော်လင့်ခြင်းလူမှုရေးဝန်ဆောင်မှုဌာန |
| ကိုင်ခန့်ခွါလ် | - | ဘဏ္ဍာစိုးသာသနာ/စနစ်တကျပေးကမ်းခြင်းနှင့်ယုံကြည်အပ်နှံမှုလုပ်ငန်းဌာန |
| ဝေလစင်ဖိုး | - | လူငယ်/အင်အားတစ်ထောင်/တစ်နှစ်တာသာသနာပြု/AMICUS ဌာန |



# သာသနာပိုင်ချုပ်၏အမှာစာ

ဘုရားသခင်၏ကျေးဇူးတော်နှင့်ပို့ဆောင်ခြင်းကြောင့် အမှုတော်မြတ်၌ယနေ့အထိ ပါဝင်ဆက်ကပ်လုပ်ဆောင်နိုင်သည့်အတွက် ဘုရားရှင်၏ဂုဏ်တော်ကိုချီးမွမ်းပါသည်။ ဘုရားရှင်၏အမှုတော်လျှင်မြန်စွာပြီးဆုံးရန် ဆက်လက်၍အတူတကွလက်တွဲပြီး လုပ်ဆောင်သွားကြပါစို့။

သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်၏အကြိမ် ၆၀ မြောက်ကမ္ဘာ့ညီလာခံအစည်းအဝေးကြီးမှ ကမ္ဘာ့ခေါင်းဆောင်ကြီးများအနေဖြင့် မြို့ပြသာသနာလုပ်ငန်း(City Evangelism) ကိုဦးစားပေးဆောင်ရွက်ရန်တိုက်တွန်းထားပါသည်။ သို့ပါ၍မြန်မာပြည်လုံးဆိုင်ရာသာသနာလုပ်ငန်းနှင့်ပတ်သက်၍စီမံကိန်းနှင့်လက်ရှိဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် အကြောင်းကြားအပ်ပါသည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်၊ ငါးနှစ်တာအသင်းတော်၏စီမံကိန်းများမှာ

၁။ မြန်မာပြည်ရှိအသင်းတော်တိုင်း ၅ နှစ်အတွင်း အသင်းတော်အသစ်တစ်ခုဖွဲ့စည်းတည်ထောင်နိုင်ရန်နှင့်အသင်းသားတိုင်းအသင်းဝင်အသစ်တစ်ဦးရရှိရန်။

၂။ အသင်းတော်တိုင်းမိမိအသင်းတော်မှငွေကြေး(Budget) ၏ ၄၀% ကိုသာသနာလုပ်ငန်းအတွက် အသုံးပြုသွားရန်။

၃။ အဖွဲ့ငယ်သာသနာလုပ်ငန်း (Small Group) အားဖြင့်အဓိကလုပ်ဆောင်သွားရန်။ စသည်တို့ဖြစ်ပါသည်။

အမှုဆောင်များနှင့်အသင်းသားများအားလုံးအတူတကွ စည်းစည်းလုံးလုံးလုပ်ဆောင်ကြပါ။ ထိုသို့ပူးပေါင်းလုပ်ဆောင်ခြင်းသည် အောင်မြင်ခြင်း၏အတွေ့အကြုံဖြစ်ပါသည်။ စီမံကိန်းထား၍အကောင်အထည်ဖော်လုပ်ဆောင်ကြပါစို့။ အတူတကွဆုတောင်းပြီးလုပ်ဆောင်သွားကြပါစို့။ ဘုရားသခင်မတတ်နိုင်သောအမှု မည်သည့်အရာမှမရှိပါ။

အားလုံးအပေါ်ဘုရားသခင်ကောင်းကြီးသွန်းလောင်းချပေးပါစေ။ အာမင်။

တိမောသေမူနားပေါလ်

(သာသနာပိုင်ချုပ်)



# ကြော်ငြာချက်သတင်းကောင်း

## ဗျာဒိတ်တော်အသံစာပေးစာယူသင်တန်းကျောင်းမှဖြေဆိုနိုင်သောသင်တန်းများ

၁။ သင်နှင့်သင့်ကျန်းမာရေး စာပေးစာယူသင်တန်း။
၂။ သဘာဝဆရာဝန်ရှစ်ဦးစာပေးစာယူသင်တန်း။
၃။ ကျန်းမာခြင်းနှင့်အသက်ရှည်ခြင်း စာပေးစာယူသင်တန်း။
၄။ ခရစ်တော်၏ အသက်တာနှင့် သွန်သင်ချက်များ စာပေးစာယူသင်တန်း။
၅။ စိတ္တသုခရှာဖွေခြင်း စာပေးစာယူသင်တန်း။
၆။ ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် စာပေးစာယူသင်တန်း။

အထက်ပါသင်တန်းများကို ဖြေဆိုပြီး ဆက်လက်လေ့လာနိုင်ရန် "သဘာဝကုထုံးများ" သင်ခန်းစာအသစ်ကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရန်
ဆရာမဒေါ်စိုးစန္ဒာ
ဖုန်း - ၀၉၂၆၄၅၅၄၀၆၉

# အထူးဆုတောင်းပေးရန်

၁။ မြန်မာပြည်အသင်းတော်၌ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းကျရောက်ရန်။

၂။ အသင်းတော်ကိုဦးဆောင်နေသော ခေါင်းဆောင်ကြီးများ ( GC, Division, Union, Mission)၊ ဌါနဆိုင်ရာညွှန်ကြားရေးမှူးများ၊ အမှုတော်ဆောင်များနှင့် အသင်းသူ/သားများအားလုံးအတွက် စည်းစည်းလုံးလုံးရှိပြီး အမှုတော်မြတ်၌ အတူတကွလက်တွဲလုပ်ဆောင်နိုင်ရန်။

၃။ ၂၀၁၆ခုနှစ်၊ မြန်မာယူနီယံ၏သတ်မှတ်ထားသော ပန်းတိုင်ပြည့်မှီရန်။

| | |
|---|---|
| ဝိညာဉ်ပန်းတိုင် | - ၄၀၀၀ |
| ဆယ်ဘိုတစ်ဘိုပန်းတိုင် | - သိန်း ၁၆၀၀၀ |
| အလှူငွေပန်းတိုင် | - သိန်း ၄၀၀၀ |

၄။ "အသင်းသားတိုင်းပါဝင်၊ အမှုတော်တွင်" ဆောင်ပုဒ်အရ အသင်းသားတိုင်းအမှုတော်သာသနာလုပ်ငန်းတွင် တက်ကြွစွာပါဝင်နိုင်ရန်။

၅။ ၂၀၁၆ခုနှစ်၊ မြို့ကြီးတရားပွဲအောင်မြင်မှုရရှိရန်။
ရန်ကုန်မြို့။
လွိုင်ကော်မြို့။

၆။ YAS ကျောင်းအဆောက်အဦး၊ MUAS အမျိုးသမီးဆောင် နှင့် တခြားအဆောက်အဦးအတွက် ဆုတောင်းပေးရန်။

# ကြော်ငြာချက်သတင်းကောင်း

## ရရှိနိုင်သောတရားဟောချက် DVD အခွေများ။

**ဆရာကြီးဦးခင်မောင်ငြိမ်း**

၁။ ဘုရားစစ်ဘုရားမှန်ကို ဘယ်လိုရှာကြမလဲ။
၂။ သခင်ယေရှုသည် လူလား၊ ဘုရားလား။
၃။ ဘုရားသခင်၏ ပညတ်တော်။
၄။ ဘုရားသခင်၏ အနာဂတ်နိုင်ငံတော်။
၅။ အပြစ်ဒုစရိုက်ဘယ်သူဖန်ဆင်းလဲ။
၆။ သမ္မာကျမ်းစာ။
၇။ သခင်ယေရှုတဖန်ပြန်ကြွလာဦးမည်လား။

**ဆရာကြီးဦးစောကဲ (အသင်းတော် ၇ပါးနှင့်အခြားသောတရားဟောချက်များ)**

၁။ ဧဖက်မြို့၌ရှိသောအသင်းတော်။
၂။ စမုရနမြို့၌ရှိသောအသင်းတော်။
၃။ ပေရဂံမြို့၌ရှိသောအသင်းတော်။
၄။ သွာတိရမြို့၌ရှိသောအသင်းတော်။
၅။ သာဒိမြို့၌ရှိသောအသင်းတော်။
၆။ ဖိလဒေလဖိမြို့၌ရှိသောအသင်းတော်။
၇။ လောဒကိမြို့၌ရှိသောအသင်းတော်။
၈။ တံဆိပ် ၇ခုအကြောင်း။
၉။ နောက်ဆုံးသောဘေးဒဏ် ၇ပါးအကြောင်း။
၁၀။ ဘုရားသခင်၏ ပလ္လင်တော်သို့သွားရာလမ်း။
၁၁။ ပြောင်းလဲစေတတ်သောမေတ္တာ။
၁၂။ ညဥ့်နက်သန်းခေါင်ယံနှိုးဆော်သံ။

(မှတ်ချက်။ ။ **DVD**တစ်ခွေလျှင် ကျပ် ၅၀၀ နှုန်းဖြင့် မှာယူနိုင်ပါသည်။)

## မြော်လင့်ခြင်းတေးသံသွင်းစတူဒီယို

အသံသွင်းချင်သောသူအယောက်စီတိုင်းအတွက် မြော်လင့်ခြင်းတေးသံသွင်းစတူဒီယိုမှ အသံဖမ်းစက်အသစ်ဖြင့် စျေးနှုန်းချိုသာစွာ အသံသွင်းလျက်ရှိပါသည်။ အသံသွင်းခနှုန်းထားများမှာ -

၁။ ဝမ်းဂျူတီ(၇နာရီ) - ကျပ်သုံးသောင်း။
၂။ တစ်နာရီ - ကျပ်ငါးထောင်။

**ဆက်သွယ်ရန်**
**ဆရာဦးဗစ်တာသန်း (တာဝန်ခံ)**
**ဖုန်း - ၀၉၄၂၀၂၇၇၂၂**





# အတွင်းရေးမှူးချုပ်၏အမှာစာ

ထာဝရဘုရား၏ကြီးမားသော ကျေးဇူးဂုဏ်ကျေးဇူးတော်ကြောင့် (၂၀၁၆-၂၀၂၀)ခုနှစ် အသင်းတော်၏ အမှုတော်ငါးနှစ်သက်တမ်းသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ အဖဘုရား၏ပို့ဆောင်မှု၊ အမှုတော်ဆောင်ဆရာ/ဆရာမများ၏ ဆက်ကပ်အပ်နှံမှု/ အသင်းသူအသင်းသားများ၏ ကူညီပံ့ပိုးမှုကြောင့် အမှုတော်သည် လွန်ခဲ့သော ငါးနှစ်တွင် တိုးတက်အောင်မြင်ကြောင်းတွေ့ရှိရပါသည်။

ကမ္ဘာ့ဌါနချုပ်မှ ခေါင်းဆောင်ကြီးများသည် လာမည့်ငါးနှစ်အချိန်တွင် အမှုတော်ပြီးစီးနိုင်ရန် မဟာဗျူဟာ /နည်းဗျူဟာများချမှတ်ပေးခဲ့ပါသည်။ အထူးသဖြင့် လာမည့်ငါးနှစ်အတွက် တကမ္ဘာလုံးရှိအသင်းတော် အတွက်ဆောင်ပုဒ် မှာ 'ကမ္ဘာသို့အရောက်လှမ်းပါ' ဖြစ်ပြီး ၂၀၁၆ခုနှစ်အတွက် အသင်းတော်၏ ဆောင်ပုဒ်မှာ 'အသင်းသားတိုင်းပါဝင်၊ အမှုတော်တွင်' ဖြစ်ပါသည်။ ယခုအချိန်မှစပြီး အသင်းသူအသင်း သားအားလုံး/အမှုတော်ဆောင်များအားလုံးအမှုတော်တွင်ပါဝင်ပြီး မြန်မာပြည်အနှံ့သွားရောက် သာသနာဖြန့်နိုင်ရန် ခရစ်တော်သည် သင်တို့အားလုံးကို ကောင်းချီးမင်္ဂလာသွန်းလောင်းပေးပါစေ။

'ထိုအခါ ကိုယ်တော်က၊ စပါးရိတ်စရာများစွာရှိ၏။ ရိတ်သောသူတို့သည် နည်းကြ၏။ ထို့ကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှါ စေလွှတ်တော်မူမည်အကြောင်း၊ စပါးရှင်ကို ဆုတောင်းကြလော့ဟု တပည့်တော်တို့အား မိန့်တော်မူ၏' ရှင်မဿဲ ၉း၃၇၊၃၈။ မြန်မာပြည်အမှုတော် ပြီးနိုင်ရန် ဆုတောင်းခြင်းဖြင့်ပါဝင်ပြီး မိမိတတ်နိုင်သည့်အတိုင်းအတာအထိအမှုတော်အတွက် ခြေလှမ်း ကြပါစို့။ ခရစ်တော်၏ နည်းသာလျှင် အောင်မြင်ခြင်းပေးနိုင်ပါသည်။

ခရစ်တော်၏နည်း (၅)မျိုး (MH p.143)

၁။ အိမ်နီးချင်းထံသို့လည်ပတ်ရန်
၂။ မိမိပတ်ဝန်းကျင်ရှိလူများအား ကြင်နာခြင်းပြရန်
၃။ မိမိနေထိုင်သောမြို့သား/သူများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးရန်
၄။ မိမိမစခဲ့သောသူများ၏ ယုံကြည်စိတ်ချမှုကို ရရှိရန်
၅။ ခရစ်တော်၏တပည့်တော်အဖြစ် ဖိတ်ခေါ်မှု 'ငါ့နောက်သို့လိုက်လော့' ဟူ၍ ဖြစ်ပါသည်။

ခရစ်တော်၏နည်းငါးမျိုးကို ကျင့်သုံးခြင်းဖြင့် မြန်မာပြည်ရှိ အသင်းသူ/သားများ၊ ဆရာ/မများအားလုံး လာမည့်ငါးနှစ်အတွင်း ဝိညာဉ်တစ်လုံးမှ ဝိညာဉ်တစ်ထောင်ရိတ်သိမ်းနိုင်အောင် အဖဘုရား သင်တို့အားလုံးကို အောင်မြင်ခြင်းကောင်းချီးများချပေးပါစေ။ အာမင်။

ကယ်လီပီလျန်း
အတွင်းရေးမှူးချုပ်

# အယ်ဒီတာ့ဆန္ဒမွန်

စာဖတ်သူများရှင့် . . .

၂၀၁၆ခုနှစ်မှာ ပျော်ရွှင်တဲ့နှစ်၊ ကောင်းချီးများစွာခံစားရတဲ့နှစ်ဖြစ်ပါစေကြောင်း ဆန္ဒပြုလိုက်ပါတယ်။ ခရစ်တော်ကို မြော်လင့်သော သတ္တမနေ့အသင်းတော်၊ မြန်မာနိုင်ငံ သာသနာဗဟိုအဖွဲ့ချုပ်၊ သာသနာ့ဆက်သွယ်ရေးဌာနမှ အသင်းတော်သတင်းကို ထုတ်ပြန်ရတဲ့အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

သတင်းထုတ်ပြန်နိုင်အောင် သတင်းတွေကို အချိန်မှီပို့ပေးတဲ့အတွက် သာသနာ့မီဒီယာသမားများကိုလည်း ကျေးဇူးတင်ရှိပါတယ်။ အမှုတော်လုပ်ငန်းနဲ့ ပါဝင်ပတ်သတ်တဲ့ အသင်းတော်သတင်းတွေကို ပြန်လည်ထုတ်ပေးမှာဖြစ်ပါတယ်။ နယ်မှသတင်းတွေကိုလည်း အချိန်မှီပေးပို့ပါရန် ပြောကြားလိုပါတယ်။

၂၀၁၆ခုနှစ်ရဲ့ အသိပေးလိုက်တဲ့ ကမ္ဘာကိုအရောက်လှမ်းပါ၊ အသင်းသားတိုင်း ပါဝင်အမှုတော်တွင် (Reach The World: Total Member Involvment )ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဘုရားသခင်ရဲ့အမှုတော်မြတ်ဟာ တစ်ကမ္ဘာလုံးကိုရောက်ရှိဖို့အတွက် မီဒီယာသမားများလည်း ကဏ္ဍတစ်ခုအနေနဲ့ပါဝင်ပြီး ကမ္ဘာအနှံ့အမှုတော်မြတ်သတင်းကို ဖြန့်ဖို့ကြိုးစားရမှာဖြစ်ပါတယ်။

ဒါ့အပြင် အသင်းသူ/သားများအနေဖြင့်လည်း ဘုရားသခင်၏ သတင်းစကားများပြန့်နှံ့ဖို့ရန်အတွက် အမှုတော်မြတ်တွင် အားမာန်သွင်းကာ ကြိုးစားပါဝင်လုပ်ဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း . . . .

လှလှမြင့်



## ခရစ်တော်၌အိပ်ပျော်ခြင်း




ဧရာဝတီတိုင်း၊ မြောင်းမြအသင်းတော်မှ ဆရာမကြီးဒေါ်ခမ်းလေးသည် ၂၀၁၆ခု၊ မေလ ၂၆ရက်၊ ည ၉နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့ပါသည်။

## ခရစ်တော်၌အိပ်ပျော်ခြင်း



**ဒေါ်နော်အေးသင်**
**အသက် (၇၅)နှစ်**

ဧရာဝတီတိုင်း၊ မရမ်းရိုးအသင်းတော်မှ အသင်းလူကြီးဦးမန်းကျော်သိန်း၏ ဇနီးဖြစ်သူ ဒေါ်နော်အေးသင်သည် ၂၀၁၆ခုနှစ်၊ ဇွန်လ ၁၈ရက်နေ့၊ ညနေ ၂း၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့ပြီး ၂၀၁၆ခုနှစ်၊ ဇွန်လ ၂၀ရက်နေ့တွင် ထိန်ပင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုလ်ပြီးကြောင်း သတင်းရရှိပါသည်။

## ခရစ်တော်၌အိပ်ပျော်ခြင်း



**ဒေါ်တင်တင်ရွှေ**
**အသက် (၈၀)နှစ်**

ဘားအံမြို့၊ ထော်မဲပါရပ်အမှတ်(၄)ရပ်ကွက်၊ အင်ကုန်းလမ်း၊ အမှတ်(၄/၆၆၉)နေ၊ (ဦးချန်ကွန်း)၏ဇနီး၊ ဦးစောသိန်းရွှေ+ဒေါ်သက်ပန်၊ ဒေါက်တာ စောဝင်းရွှေ+ဒေါ်သင်းသင်းရွှေတို့၏အစ်မ၊ ဦးယောလချန်+ဒေါ်ပင်းစီ၊ ဦးယောနချန်+ဒေါ်စံပယ်လွင်၊ ဒေါ်မို့မို့ချန်၊ ဦးဝင်းနိုင်+ဒေါ်ခက်ခက်ချန်၊ ဒေါ်နှင်းနွယ်နွယ်ချန်၊ ဒေါက်တာဖေဝင်းအောင်+ဒေါက်တာမွှေးမြမြချန်၊ ဦးမောင်မောင်မျိုးချန်+ဒေါ်ဆောင်းဝေဝေတို့၏ မိခင်သည် ၂၉-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ (၅း၃၀)နာရီတွင် ခရစ်တော်၌အိပ်ပျော်ခဲ့ပြီး ၁-၇-၂၀၁၆ (သောကြာနေ့)တွင် ဘားအံမြို့ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့ အသင်းတော် ဘုရားဝတ်ပြုကျောင်းတွင်ဝတ်ပြုကိုးကွယ်ပြီး ထန်းကိုးပင်ခရစ်ယာန် သုသာန်သို့ ဂူသွင်းသင်္ဂြိုလ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ခရစ်တော်၌အိပ်ပျော်ခြင်း



Pi Ciang Kho Lian (ကလေးမြို့)
အသက် (၈၉)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခေါ်ဆရွာနေ( Pu Pau Suan- Pi Kham Ciang)တို့၏မြေး၊ ( Pu Val Kho Thang- Pi Dim Lian)တို့၏သမီး၊ ( Pu Vum Sing- Pi Awi Cingh) တို့၏သမီးချွေးမ၊ ( Pu Hang Kho Lian )၏ဇနီး၊ (Daw Hau Za Dim-Capt. Suang Za Khai (ငြိမ်း)၊ Daw Ciin Kho Hau-Capt. Sawm Hlang (ငြိမ်း)၊ Daw Lun Khan Dim,( Daw Zam Za Cing- U Cin Ngaih Pau )၊ Rev.Kenneth Suanzanang(ADRA Myanmar, CD၊ (ငြိမ်း)- Daw Lian Za Dim တို့၏ အစ်မကြီး၊ ဆရာမ Cingh Khan Niang (Shallom SDA Church )၊ ဆရာမ Lian Khan Cing, Rev.Kelly P.Lyan (အတွင်းရေးမှူး၊ Myanmar Union Mission)- Daw Ciin Ngaih Man၊ ဆရာ aRichard Lian (USA), Daw Anni Neam (Aizaw L, India)- Pu Rothana, Daw Helen Lian- Pu Suan Sawm Nang (USA), U Nang Khan Mung- Daw Lian Dim Pau (USA) တို့၏မိခင် Olivia Lian- Cin Suan Mang (Norway), Rosy Lian- Sang Pi (USA), Nang It Khai (Australia), Niang Thian Muang, Dim Lam Vung, Zam Thian Mang, Niang En Cing, Khai Khan Kim, Lian Uap တို့၏အဘွား၊ မြစ်ငါးယောက်တို့၏အဘွား၊ ကလေးမြို့၊ ကြို့သုံးပင်ရပ်နေသူသည် ၁-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့ပြီး ၃-၅-၂၀၁၆ရက်တွင် ကလေးမြို့နယ် ဆီးယင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုလ်ပြီးကြောင်း သတင်းရရှိပါသည်။

## ခရစ်တော်၌အိပ်ပျော်ခြင်း

ဧရာဝတီတိုင်း၊ မြောင်းမြအသင်းတော်မှ ဆရာကြီးဦးဒိုဟင်ပေါင်၏ညီမ ဒေါ်ဒိန်ဇနင်းသည် ၂၀၁၆ခု၊ မေလ ၂၇ရက်၊ နံနက် ၇နာရီ ၁၀မိနစ်တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့ကြောင်း သတင်းရရှိပါသည်။



## ၂၀၁၆မှ ၂၀ ၂၀ခုနှစ်၊ဧရာဝတီတိုင်းသာသနာနယ်ခေါင်းဆောင်များ၊ ဌါနဆိုင်ရာညွှန်ကြားရေးမှူးများနှင့်ရုံးဝန်ထမ်းများ



သိက္ခာတော်ရဦးအေဝမ်းသိန်း
အတွင်းရေးမှူး



သိက္ခာတော်ရဦးစက္ကစံရွှေ
ဥက္ကဌ



ဆရာဦးဇော်ဝင်း
ဘဏ္ဍာရေးမှူး



ဆရာမစလိုးမီရွှေ
ဌာနဆိုင်ရာညွှန်ကြားရေးမှူး





သိက္ခာတော်ရဦးညွန့်ရွှေ
ဌာနဆိုင်ရာညွှန်ကြားရေးမှူး



ဆရာမရှိအဲနာဝမ်း
ဌာနဆိုင်ရာညွှန်ကြားရေးမှူး



သိက္ခာတော်ရဦးချာချီသောင်း
ဌာနဆိုင်ရာညွှန်ကြားရေးမှူး



ဆရာဦးဇော်မင်းလတ်
ငွေစာရင်းကိုင်



ဆရာမဒီဇင်အေး
ငွေကိုင်



ဆရာမဒေါ်အောဂတ်(စ်)လင်း
ရုံးစာရေးမကြီး



ဆရာဖေယျာလင်း
လက်ထောက်သင်းအုပ်



ဆရာမသန့်ရည်မွန်
ရုံးစာရေးမ



ဆရာမအေးအေးလှ
ကမ္ဘာလုံးဆိုင်ရာရုံးစာရေးမ



ဆရာမကြူကြူအေး
ရုံးစာရေးမ



ဆရာမအီသီးရယန်
ဆေးသာသနာပြု

# ၂၀၁၆မှ ၂၀၂၀ခုနှစ်၊အလယ်ပိုင်းတိုင်းသာသနာနယ်ခေါင်းဆောင်များ၊ ဌါနဆိုင်ရာညွှန်ကြားရေးမှူးများနှင့်ရုံးဝန်ထမ်းများ



သိက္ခာတော်ရဦးလှကွန်း
အတွင်းရေးမှူး



သိက္ခာတော်ရဦးအဲလ်ဗင်းဖိုးဖိုးလှ
ဥက္ကဌ



ဆရာဦးသာထွန်းအေး
ဘဏ္ဍာရေးမှူး



သိက္ခာတော်ရဦးအင်ဒရူးတင်
ဌာနဆိုင်ရာညွှန်ကြားရေးမှူး





သိက္ခာတော်ရဦးဟေရှာယ
ဌာနဆိုင်ရာညွှန်ကြားရေးမှူး



ဆရာမဒေါ်ရွှန်နော
ဌာနဆိုင်ရာညွှန်ကြားရေးမှူး



ဆရာဦးသာထွန်း
ငွေစာရင်းကိုင်



ဆရာမအယ်ကမွီးဆဲ
ငွေကိုင်



ဆရာမတင်သန္တာထွန်း
ရုံးစာရေးမ



ဆရာမရှီးဘာ
ကမ္ဘာလုံးဆိုင်ရာရုံးစာရေးမ



## မင်္ဂလာသတင်း



ဆရာရီလောင်းနှင့် ဆရာမရှဲလာ
၂၀၁၆ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၄ရက်။




ဆရာဝေဖြိုးအောင်နှင့် ဆရာမဝါဝါခိုင်
၂၀၁၆ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၁ရက်။



ကိုစိုးငွေနှင့် ဆရာမစတားလေး
၂၀၁၆ခုနှစ်၊ ဧပြီလ ၇ရက်။



ဆရာဇော်မင်းလတ်နှင့် ဆရာမအေးအေးလှ
၂၀၁၆ခုနှစ်၊ မတ်လ ၂၃ရက်။

၂၀၁၆ခုနှစ်၊ ဧပြီလ ၈ရက် -------------- စောမူးကပေါ်နှင့် ဆရာမချောချောလေး
၂၀၁၆ခုနှစ်၊ ဧပြီလ ၁၀ရက် ------------- စောနေလင်းထွန်းနှင့် ဆရာမဂျူးလီယက်သန်း

# ဖိလိပိုင်နိုင်ငံ၏အသိအမှတ်ပြုစာမေးပွဲအောင်မြင်မှုအမြင့်ဆုံးအဆင့်တွင်ပါသည့် မြော်လင့်ခြင်းအသင်းတော်၏သူနာပြုကျောင်း။

ဇန်နဝါရီလ ၁၂ရက်၊ ၂၀၁၆ခုနှစ်သတင်း၊ ဘူခစ်နွန်၊ ဖိလစ်ပိုင်နိုင်ငံ။

ဘူခစ်နွန်၊ ဖိလစ်ပိုင်နိုင်ငံရှိ Mountain View College (MVC)၏ သူနာပြုသင်တန်းကျောင်းမှ နိုင်ငံအသိအမှတ်ပြုစာပေးပွဲ ဖြေဆိုသူများသည် ၉၁. ၈၉%ဖြင့် အောင်မြင်ခဲ့ပြီး အမှတ်အများဆုံးအမှတ်စဉ်(၇) အထိ ပါဝင်ခဲ့ကြောင်း အသိအမှတ်ပြုခံခဲ့ရပါသည်။

ဇန်နဝါရီလ ၈ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အဖြေစာရင်းအရ စာမေးပွဲဖြေဆိုသူ ၇၄ဦးရှိသည့်အနက် ၆၈ဦးအောင်မြင်ခဲ့ပြီး Mountain View College (MVC) မှ ဖြေဆိုခဲ့သော Hazel Jean M.Aralan နှင့် Chrysthia Lorecyl A.Sistoso တို့က အဆင့်ဒုတိယ၊ Ronette May T.Lamputi က အဆင့်တတိယ၊ Cherry Faith M. Labtangက ဆဌမအဆင့်နှင့် Glenice Mae A. Nebato က သတ္တမအဆင့် အသီးသီးရရှိခဲ့ကြသည်။

## ဖီဂျီနိုင်ငံ၏ ပထမဆုံးသတ္တမနေ့အသင်းသားသမ္မတ



တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဖီဂျီကျွန်းနိုင်ငံသည် လှပသောရေမြေအနေအထားဖြင့် ဆွဲဆောင်မှုကောင်းသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၂၀၁၅ခုနှစ် နိုဝင်ဘာလတွင် သမ္မတရွေးကောက်ပွဲပြုလုပ်ခဲ့ရာ (JiojiKonousiKonrote) ဂျီအိုဂျီကိုနူစီကွန်ရိုတေးအား ဖီဂျီနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြောက်ခဲ့ပါသည်။ ကွန်ရိုတေးသည် အသက် ၆၈နှစ်အရွယ်ရှိ သတ္တမနေ့အသင်းသားတစ်ဦးဖြစ်ပါသည်။ လွန်ခဲ့သောလေးနှစ်ခန့်က သတ္တမနေ့အသင်းတော်သို့ ဝင်ရောက်လာသူတစ်ဦးဖြစ်ပါသည်။ လွှတ်တော်အမတ်တစ်ဦးအနေဖြင့်လည်းကောင်း၊ အစိုးရဝန်ကြီးအဖြစ်သော်လည်းကောင်း၊ တာဝန်၂ခုဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုရာမှ သူ့အား သမ္မတအဖြစ်ရွေးချယ်တင်မြောက်ခဲ့ခြင်းဖြစ်ပါသည်။



# ၂၀၁၆မှ ၂၀ ၂၀ခုနှစ်၊အရှေ့တောင်တိုင်းသာသနာနယ်ခေါင်းဆောင်များ၊ ဌါနဆိုင်ရာညွှန်ကြားရေးမှူးများနှင့်နယ်စီးဓမ္မဆရာများ



သိက္ခာတော်ရဦးရွှေသက်ဦး
အတွင်းရေးမှူး



သိက္ခာတော်ရဦးစောကဲ
ဥက္ကဌ



ဆရာဦးလယ်စေး
ဘဏ္ဍာရေးမှူး



သိက္ခာတော်ရဦးဖိုးရှု
ဌာနဆိုင်ရာညွှန်ကြားရေးမှူး





သိက္ခာတော်ရဦးစိန်ထွန်း
ဌာနဆိုင်ရာညွှန်ကြားရေးမှူး



ဆရာမဒေါ်ရင်ရင်
ဌာနဆိုင်ရာညွှန်ကြားရေးမှူး





ဆရာမဒေါ်လွန်ခက်
ကမ္ဘာလုံးဆိုင်ရာရုံးစာရေးမ



သိက္ခာတော်ရဦးနေဝင်း
နယ်စီးဓမ္မဆရာ



သိက္ခာတော်ရဦးမောင်ထို
နယ်စီးဓမ္မဆရာ



သိက္ခာတော်ရဦးခွန်ဝင်းကိုကို
နယ်စီးဓမ္မဆရာ

# ၂၀၁၆မှ ၂၀ ၂၀ခုနှစ်၊အထက်ပိုင်းတိုင်းသာသနာနယ်ခေါင်းဆောင်များ၊ ဌါနဆိုင်ရာညွှန်ကြားရေးမှူးများနှင့်ရုံးဝန်ထမ်းများ


သိက္ခာတော်ရဦးရိဇားမာ
အတွင်းရေးမှူး


သိက္ခာတော်ရဦးကပ်လျန်ထန်း
ဥက္ကဋ္ဌ


သိက္ခာတော်ရဦးဂင်လမ်ကျင်
ဘဏ္ဍာရေးမှူး


သိက္ခာတော်ရဦးထန်လျန်းခိုင်
ဌာနဆိုင်ရာညွှန်ကြားရေးမှူး




သိက္ခာတော်ရဦးခမ်ဆွင်းမုန်
ဌာနဆိုင်ရာညွှန်ကြားရေးမှူး


ဆရာဦးဆွင်ခင်ဂို
ဌာနဆိုင်ရာညွှန်ကြားရေးမှူး


ဆရာမဒေါ်ဥမ္မာဇံ
ဌာနဆိုင်ရာညွှန်ကြားရေးမှူး


ဆရာဦးကပ်ခန်တွောင်
စာရင်းကိုင်


ဒိမ့်ရှင်းလွန်း
ကမ္ဘာလုံးဆိုင်ရာရုံးစာရေး


အေးမြဖြူထွန်း
ရုံးစာရေး


ကျင်ဟောက်ညောင်
ရုံးစာရေး


မန်ရှင်းနွမ်
ငွေကိုင်



# မြော်လင့်ခြင်းအသင်းတော်ကမ္ဘာဌာနချုပ်၏ဥက္ကဋ္ဌဟောင်းဖြစ်သူ Pastor Robert Folkenberg အသက် ၇၄ နှစ်တွင်ကွယ်လွန်ခြင်း။



ဒီဇင်ဘာ ၂၄၊ ၂၀၁၅ ခုနှစ်သတင်း၊ ဆေးလ်ဗားစပရင်း၊ မေရီလန်း၊ အမေရိကန်ပြည်ထောင်စု။

Pastor Robert Folkenberg သည် ဇန်နဝါရီလ ၁ ရက်၊ ၁၉၄၁ ခုနှစ်တွင် ဆန်တာစီးမြို့၊ ပေါ်တိုရီကိုနိုင်ငံတွင် ထိုနိုင်ငံသို့သာသနာပြုအနေဖြင့်ရောက်ရှိခဲ့သောမိဘနှစ်ပါးမှ မွေးဖွားလာသူဖြစ်သည်။ ပေါ်တိုရီကိုနိုင်ငံတွင်လေးတန်းအထိပညာသင်ကြားခဲ့ပြီး မူလတန်းပညာကို ကျူးဘားနိုင်ငံတွင်ပြီးဆုံးအောင်မြင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင်အထက်တန်းပညာကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ မိုင်လိုမြော်လင့်ခြင်းအထက်တန်းကျောင်း၌အောင်မြင်ပြီးဆုံးခဲ့သည်။

Pastor Robert Folkenberg သည် အက်တလန်တစ်ယူနီယံကောလိပ်၊ ထို့နောက် နယူးဘိုးကောလိပ်တို့တွင်ပညာဆည်းပူးခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် **ဓမ္မရေးရာအထူးပြုဘာသာရပ် ဖြင့်အင်ဒရူးတက္ကသိုလ်မှဘွဲ့ရခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် ဓမ္မသစ်ကျမ်းအထူးပြုဘာသာဖြင့် ဘွဲ့လွန်ဒီဂရီ** (Master) **ကိုအင်ဒရူးတက္ကသိုလ်မှရရှိခဲ့သည်။**

Pastor Robert Folkenberg သည် ၁၉၆၆-၆၈ ခုနှစ်တွင် ပနားမားတွင်အသင်းအုပ်ဆရာအဖြစ်အမှုဆောင်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ပနားမားကွန်ဖရင့်၌ဘဏ္ဍာစိုးဆိုင်ရာညွှန်ကြားရေးမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် ဟွန်ဒူရပ်စ်မစ်ရှင်၌ ဥက္ကဋ္ဌအဖြစ် ၄င်း၊ ၁၉၇၄ တွင်အတွင်းရေးမှူးအဖြစ်၄င်း၊ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် Central American Union ၏ဥက္ကဋ္ဌဖြစ်လာပြီး ၁၉၈၀ ခုနှစ်တွင် Inter-American Division ၏လက်ထောက်ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ မြောက်အမေရိက တိုက်ရှိ Carolina Conference တွင်ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ ခုနှစ်တွင် ကမ္ဘာ့ဌာနချုပ်၏ဥက္ကဋ္ဌအဖြစ်ရွေးကောက်ခြင်းခံခဲ့ရသည်။ ၁၉၉၀ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ကမ္ဘာဌာနချုပ်၏ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင်ကွယ်လွန် ခဲ့ပါသည်။

## ရဝန်ဒါ (Rwanda) တရားပွဲအချိန်တစ်ဝက်တွင်ယုံကြည်သူအသစ် ၃၀၀၀၀ ယောက် မြော်လင့်ခြင်းအသင်းတော်သို့ နှစ်ခြင်းခံဝင်ရောက်လာခြင်း။



မေ ၂၄ရက်၊ ၂၀၁၆ခုနှစ်သတင်း (Rwanda)။

စိတ်အားထက်သန်တက်ကြွသည့် အသင်းသူ/သားများအနေဖြင့် နှစ်စဉ်တရားပွဲများ နှစ်ဆတိုးပြုလုပ်ရန် စီမံကိန်းများရေးဆွဲခဲ့ပြီး ဖြစ်သည်။

ရဝန်ဒါနိုင်ငံတွင် တရားပွဲပေါင်းများစွာကို တစ်ပြိုင်နက်တည်းပြုလုပ်ကာ အချိန်တဝက်တွင်ပင် လူပေါင်း ၃၀၀၀၀နီးပါး မြော်လင့်ခြင်းအသင်းတော်တွင် နှစ်ခြင်းခံယူခဲ့ကြသည်။ တရားပွဲအားလုံးပြီးဆုံးချိန်တွင် လူပေါင်း ၁၀၀၀၀၀ခန့်နှစ်ခြင်းခံယူရန် ပန်းတိုင်ထားရှိပြီး နောင်နှစ်များတွင်လည်း တရားပွဲများနှစ်ဆတိုးလျက် ပြုလုပ်သွားရန် စီမံကိန်းရေးဆွဲပြင်ဆင်ထားပြီးဖြစ်ကြောင်း အသင်းတော်ခေါင်းဆောင်တစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

## ရာဇဝင်တွင်မည့်ရဝန်ဒါ (Rwanda) တရားပွဲအဆုံးတွင်ယုံကြည်သူအသစ် ၉၇၃၄၄ ယောက် မြော်လင့်ခြင်းအသင်းတော်သို့ နှစ်ခြင်းခံဝင်ရောက်လာခြင်း။



ဇွန်လ ၂ရက်၊ ၂၀၁၆ခုနှစ်သတင်း (Rwanda)။

မြော်လင့်ခြင်းအသင်းတော်ကမ္ဘာ့ဌာနချုပ်၏ ဥက္ကဋ္ဌဖြစ်သူ တက်ဝေလ်စင် (Pr. Ted Wilson)က "ရဝန်ဒါရှိ အသင်းသူ/သားများသည် ကမ္ဘာတဝှမ်းရှိ အခြားဒေသမှ မြော်လင့်ခြင်းအသင်းတော်များအတွက် ပုံစံနမူနာအဖြစ်ရပ်တည်ခဲ့ကြသည်" ဟုပြောကြားခဲ့သည်။

မေလ ၁၃ရက်မှ ၂၈ရက်အထိပြုလုပ်ခဲ့သည့် တရားပွဲအများအပြား၏ ရလဒ်ဖြစ်သည့် လူပေါင်း ၉၇၃၄၄ယောက်သည် နှစ်ခြင်းမင်္ဂလာခံယူခြင်းဖြင့် မြော်လင့်ခြင်းအသင်းတော်သို့ ဝင်ရောက်လာခြင်းသည် ကမ္ဘာ့မြော်လင့်ခြင်းအသင်းတော်၏ စံချိန်ကို ချိုးခဲ့သည့် နှစ်ခြင်းမင်္ဂလာပွဲဖြစ်သည်။



## ၂၀၁၆မှ ၂၀၂၀ခုနှစ်၊ရန်ကုန်တိုင်းသာသနာနယ်ခေါင်းဆောင်များ၊ ဌါနဆိုင်ရာညွှန်ကြားရေးမှူးများနှင့်ရုံးဝန်ထမ်းများ



သိက္ခာတော်ရဦးခင်မောင်ရင်
အတွင်းရေးမှူး



သိက္ခာတော်ရဦးမောင်မောင်ဒွေး
ဥက္ကဋ္ဌ



သိက္ခာတော်ရဦးနန်ဒိုးဒါလီး
ဘဏ္ဍာရေးမှူး





ဆရာဦးလယ်မူးအေး
စာရင်းကိုင်



ဆရာမဒေါ်ဆောင်းဝေဝေ
ဌာနဆိုင်ရာညွှန်ကြားရေးမှူး



ဆရာမခင်စန္ဒာတင်
ငွေကိုင်/ ရုံးစာရေး

# ၂၀၁၆မှ ၂၀၂၀ခုနှစ်၊မြန်မာနိုင်ငံသတ္တမနေ့အသင်းတော်ခမ္မတက္ကသိုလ်မှ ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ



သိက္ခာတော်ရဒေါက်တာပေါလ်တန်ဆောင်နော်
ဒုကျောင်းအုပ်



သိက္ခာတော်ရဒေါက်တာကောနေလိလှ
ကျောင်းအုပ်ကြီး



ဆရာကြီးဦးလေးမူးကျော်
ဘဏ္ဍာရေးမှူး



သိက္ခာတော်ရဦးကလူမူး
ဒုကျောင်းအုပ်





ဆရာကြီးဦးတင်လေး
ဒုကျောင်းအုပ်



သိက္ခာတော်ရဒေါက်တာထန်လန်းမုန်
ဘာသာရေးဌာနမှူး



ဆရာကြီးဦးမျိုးဇော်ထွန်း
စီးပွားစီမံဌာနမှူး



ဆရာမကြီးဒေါ်အိအိ
ပညာရေးဌာနမှူး



ဆရာဦးသစဲ
အမျိုးသားအဆောင်မှူး



ဆရာမဒေါ်ဆာမူးဖေါ
မော်ကွန်းထိန်း



ဆရာမဒေါ်လားရှီး
အမျိုးသမီးအဆောင်မှူး



## အီကွေဒေါနိုင်ငံ (Ecuador) တွင် အားကြီးသောမြေငလျင်ကြောင့် လူပေါင်း ၄၁၃ ဦးသေဆုံးပြီး လူပေါင်း ၂၅၀၀ ထက်မနည်းထိခိုက်ဒဏ်ရာရခဲ့ခြင်း။

ဧပြီ ၁၆ရက်၊ ၂၀၁၆ခုနှစ်၊ စနေနေ့ညနေ ၆း၅၈အချိန်တွင် ပြင်းအား ၇.၈ရစ်တာစကေးရှိသည့် အင်အားကြီးငလျင်ကြောင့် လူပေါင်း ၄၁၃ဦးသေဆုံးပြီး လူပေါင်း ၂၅၀၀ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တောင်အမေရိကတိုက်ရှိ အီကွေဒေါနိုင်ငံ၏ အရေးပေါ်အခြေအနေအဖြစ် ကြေငြာခဲ့ပါသည်။

အီကွေဒေါနိုင်ငံ၏ မြို့တော် ကွီတိုမြို့၏ အနောက်ဖက် ၁၆၅မိုင်(၂၇၀ကီလိုမီတာ)ရှိ လူဦးရေ ၄၆၀၀၀ခန့်နေထိုင်သော ပယ်ဒါနာလီးစ်မြို့ (Pedernales)သည် ငလျင်ဒဏ်ကြောင့် ပြားပြားဝပ်ပျက်စီးခဲ့ရသည်ဟု မြို့တော်ဝန်မှ ပြောကြားခဲ့သည်။

အသင်းသူ/သားပေါင်း ၆၀၀ခန့်တို့သည် အလှူခံမဏ္ဍပ်များဖွင့်ပြီး ဒုက္ခသည်များအတွက် အစားအစာနှင့် အဝတ်အထည်များကို နေရာတိုင်းတွင် ကောက်ခံပေးခဲ့ကြသည်။ အသင်းသားများသည် ADRA နှင့်လက်တွဲလျက် ဒုက္ခသည်များအတွက် ကူညီလုပ်ဆောင်ပေးခဲ့ကြသည်။

## အော့ခ်ဝပ်တက္ကသိုလ် (Oakwood University) မှ နာမည်ကြီး ဘတ်စကက်ဘောသမား အာဝင်မက်ဂျစ်ဂျွန်ဆန် (Earwin Magic Johnson) ကို ပတ်ဝန်းကျင်လူမှုရေးအခက်အခဲမှလွတ်မြောက်စေသည့် သူ၏အကူအညီများအတွက်ဂုဏ်ပြုခြင်း။

မေ ၁၇ရက်၊ ၂၀၁၆ခုနှစ်သတင်း၊ ဟန့်စ်ဗေး၊ အလဘားမား၊ အမေရိကန်ပြည်ထောင်စု။

လယ်သမားမိသားစုမှ အသင်းတော်မိသားစု၏ အသက်တာဂေဟာနှင့် စာသင်စရိတ်ထောက်ပံ့ခြင်း အစီအစဉ်အတွက် အလှူငွေဒေါ်လာငါးသိန်းကို မိခင်၏အမည်ဖြင့် လှူဒါန်းခဲ့သည်။

မက်ဂျစ်နှင့်သူ၏ဇနီး အယ်လီသာကူကီးဂျွန်ဆန်တို့သည် ဘုရား၏ခေါ်တော်မူခြင်းကို လက်ခံပြီး ရဲဝံ့စွာ၊ မေတ္တာပြည့်ဝစွာဖြင့် ဘုရား၏အမှုတော်အောင်မြင်စေရန် ကမ္ဘာတဝှမ်းတွင် လုပ်ဆောင်နေသည့် လူမှုရေးလုပ်ငန်းတွင် ပါဝင်လာခဲ့ပြီး ဘုရားရှင်၏ ဦးဆောင်မှုနောက်တော်သို့ လိုက်ခဲ့ကြသည်။

မေလ ၁၄ရက်နေ့တွင် မက်ဂျစ်တို့ဇနီးမောင်နှံကို အော့ခ်ဝပ်တက္ကသိုလ် (Oakwood University )တွင် အသင်းအုပ် ဆရာဖြစ်သူ ခါလ်တန်ဘိုက် (Calton Byrd )က သူတို့ဇနီးမောင်နှံနှစ်ဦး၏ ပတ်ဝန်းကျင်ရှိ မထိုက်တန်သူများအပေါ် ကြီးမားသည့် ကူညီထောက်မမှုအတွက် ဂုဏ်ပြုခဲ့သည်။

## ခါရက(စ်) (Caracas) တွင်ယုံကြည်သူအသစ် ၄၀၁၂ ယောက် မြော်လင့်ခြင်းအသင်းတော်သို့နှစ်ခြင်းခံဝင်ရောက်လာခြင်း။



ဧပြီ ၁၉၊ ၂၀၁၆ခုနှစ်သတင်း၊ Caracas, Venezuela ။

"အသင်းအုပ်ဆရာများ၊ အသင်းတော်ခေါင်းဆောင်များနှင့် အသင်းသူ/သားများစုပေါင်းလျက် အဖွဲ့ငယ်ပေါင်း ၅၀၀၀ ခန့်ပြုလုပ်ခဲ့ခြင်းဖြင့် ဧဝံဂေလိတရားပွဲအတွက် အောင်မြင်ခြင်းရရှိခဲ့ခြင်းဖြစ်ကြောင်း ဒေသခံအသင်းတော်ခေါင်းဆောင်တစ်ဦးက ပြောကြားခဲ့သည်။"

ဧပြီလ ၁၆ရက်၊ ၂၀၁၆ခုနှစ်တွင် သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်အတွင်းသို့ ယုံကြည်သူအသစ် ၄၀၁၂ယောက် နှစ်ခြင်းခံဝင်ရောက်လာခဲ့သည်။ လူပေါင်း ၂၀၀၀၀ ကျော်က သက်သေခံများအဖြစ် တက်ရောက်အားပေးကြည့်ရှုခဲ့ကြသည်။ ဗင်နီဇွဲလားအရှေ့ယူနီယံတစ်ဝှမ်းတွင် တရားပွဲ ၈ခုကို ပြုလုပ်ကျင်းပပြီး ထိုစုပေါင်းနှစ်ခြင်းခံခြင်းအစီအစဉ်ကို ခါရက(စ်)တက္ကသိုလ်အားကစားကွင်းအတွင်း ပြုလုပ်ခဲ့ပါသည်။

## ဒဲရစ်ခ်မောရစ်(စ်) (Derek Morris) ကို (Hope Channel) ၏ ဉက္ကဌအဖြစ်ခန့်အပ်ခြင်း။



ဧပြီ ၁၂၊ ၂၀၁၆ခုနှစ်သတင်း။ ဆေးလ်ဗားစပရင်း၊ မေရီလန်း၊ အမေရိကန်ပြည်ထောင်စု။

လက်ရှိ ( Ministry Magazine) မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ်တာဝန်ထမ်းဆောင်နေသော ဒဲရစ်ခ်မောရစ်(စ်) ( Derek Morris) ကို ( Hope Channel ) ကမ္ဘာလုံးဆိုင်ရာ သတ္တမနေ့မြော်လင့်ခြင်း အသင်းတော်ရုပ်မြင်သံကြားကွန်ရက်၏ ဉက္ကဌအဖြစ် ခန့်အပ်ခဲ့သည်။

မောရစ်(စ်)သည် တရားဟောခြင်းဘာသာရပ်တွင် DMinဘွဲ့ကို အင်ဒရူး တက္ကသိုလ်မှရရှိခဲ့ပြီး နောက်ထပ် DMin ဘွဲ့ကို အင်ဒရူး တက္ကသိုလ်မှ ရရှိခဲ့ပါသည်။



## AWR မျှော်လင့်ခြင်းအသံလွှင့်ဌာနအမှုဆောင်များ



သိက္ခာတော်ရဦးလှမျိုးဝင်း
မြန်မာဘာသာ



သိက္ခာတော်ရဦးဆွင်းဆောမ်ဆန်
ချင်းဘာသာ



ဆရာဦးဗစ်တာသန်း
စကောကရင်ဘာသာ



ဆရာဦးတမေဘော
စကောကရင်ဘာသာ



ဆရာရန်ပိုင်မျိုး
ပိုးကရင်ဘာသာ



ဆရာစောကပေါ်မှူး
ကြီးကြပ်ရေးမှူး



ဆရာဦးတိန့်ဆောင်
ကချင်ဘာသာ



ဆရာမဒေါ်ယော်ဆွေ
ကချင်ဘာသာ(လူငယ်)



ဆရာမဒေါ်လှလှမြင့်
မြန်မာဘာသာ(လူငယ်)



ဆရာမချစ်နှင်းရည်ရွှေ
မြန်မာဘာသာ(လူငယ်)



ဆရာမဒေါ်ကျင်းလန်းမန်း
ချင်းဘာသာ(လူငယ်)



ဆရာမဒေါ်လှရီ
ရှမ်းဘာသာ



ဆရာဝင်းဘို
မွန်ဘာသာ



ဆရာမဆွေဆွေအောင်
မွန်ဘာသာ



ဆရာမဒေါ်ပိုပိုစစ်လွင်
မွန်ဘာသာ



ဆရာမဒေါ်မမကြီး
FM Radio

# မြန်မာယူနီယံရှိအမှုဆောင်များ



ဆရာဦးလယ်ဂေးကျော်
လက်ထောက်ဘဏ္ဍာရေးမှူး



ဆရာဦးနန်ခင့်ထန်
ငွေစာရင်းကိုင်ချုပ်



ဆရာဦးခုပ်ခန့်ထန်
ငွေထိန်း/ ငွေလက်ခံ



သိက္ခာတော်ရဦးစေးလွင်
ဘာသာပြန်ဌာန



ဆရာဦးဗန်းဖေဦး
ရုံးလုပ်ငန်းတာဝန်ခံ



ဆရာဦးပွန်ခမ်ဟောင်
ပြင်ဆင်မွမ်းမံရေးဌာန



ဆရာမအေးမူချစ်
အုပ်ချုပ်ရေးရုံးစာရေး



ဆရာမဂျူလီယာမင်း
ငွေထိန်း/ ငွေထုတ်



ဆရာမစူးစီစိန်
အုပ်ချုပ်ရေးရုံးစာရေး



ဦးကျော်လွင်
ပို့ဆောင်ရေးဌာန



ဒေါ်ကြာဖေါ
သန့်ရှင်းရေးဌာန



ဦးဝင်းနိုင်
လုံခြုံရေးဌာန



## တောင်အာရှပစိဖိတ်ဒီဗီဇံ၏ဥက္ကဌအဖြစ် Pastor Saw Samuel ရွေးချယ်ခံရခြင်း။



မတ် ၂၂၊ ၂၀၁၆ခုနှစ်သတင်း၊ ဆေးလ်ဗားစပရင်း၊ မေရီလန်း၊ အမေရိကန်ပြည်ထောင်စု။

“တန်ဖိုးမြင့်မြတ်လှသည့် ဘုရားပေးကျေးဇူးများကို ပညာရှိစွာ အသုံးချရန် ဘုရားရှင်ထံမှ အသိဉာဏ်ပညာကို နေ့စဉ်တောင်းခံသွားမည်ဟု သူပြောကြားခဲ့သည်။”

မြော်လင့်ခြင်းအသင်းတော်၏ အမြင့်ဆုံးကော်မတီဖြစ်သည့် ကမ္ဘာ့ဌာနချုပ်၏ အုပ်ချုပ်မှုကော်မတီမှ ဇန်နဝါရီလမှစပြီး ရှားပါးရိုးတွင်းခြင်ဆီရောဂါခံစားနေရသည့် ယခင်ဥက္ကဌဟောင်းဖြစ်သူ Pastor Leonardo R. Asoy ၏နေရာကို အစားထိုးရန် မတ်လ ၂၂ရက်နေ့တွင် Pastor Saw Samuel ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

Pastor Saw Samuel သည် ၂၀၁၀ခုနှစ်တွင် ဒီဗီဇံအတွင်းရေးမှူးအဖြစ်ရွေးချယ်ခံရပြီး ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလမှစတင်ပြီး ယာယီဥက္ကဌတာဝန်ကို တွဲဖက်တာဝန်ယူခဲ့ရသည်။ ဒီဗီဇံသို့မရောက်မီ စင်ကာပူနိုင်ငံရှိ အရှေ့တောင်အာရှ ယူနီယံမစ်ရှင်တွင် ဓမ္မရေးရာညွှန်ကြားရေးမှူးအဖြစ် ၂နှစ်တာဝန်ထမ်းခဲ့သည်။ ထိုင်းမစ်ရှင်တွင် အတွင်းရေးမှူးအဖြစ် ၂၀၀၂-၂၀၀၈ခုနှစ်အထိ၊ ခေါင်းဆောင်မှုပညာရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာညွှန်ကြားရေးမှူးအဖြစ် ၂၀၀၆-၂၀၀၈အထိ၊ လူငယ်ညွှန်ကြားရေးမှူးအဖြစ် ၂၀၀၂-၂၀၀၄အထိ၊ ဘန်ကောက်မြော်လင့်ခြင်းဆေးရုံ၏ အသင်းအုပ်ဆရာအဖြစ် ၂၀၀၀-၂၀၀၂ခုနှစ်အထိ၊ မြော်လင့်ခြင်းအင်္ဂလိပ်ကျောင်းတွင် ဓမ္မဆရာအဖြစ် ၁၉၉၈-၉၉ခုနှစ်အထိ၊ နေရာအသီးသီးတွင် အမှုတော်ဆောင်ခဲ့ပါသည်။

## နိုင်ငံတကာမြော်လင့်ခြင်းမီဒီယာသာသနာ၏အနှစ်(၆၀)ပြည့် အထိမ်းအမှတ်ပွဲကျင်းပခြင်း။

မတ် ၂၃၊ ၂၀၁၆ခုနှစ်သတင်း၊ Chattanooga, Tennessee (ထန်နစီး)၊ အမေရိကန်ပြည်ထောင်စု။

“ It Is Written ” ရုပ်မြင်သံကြားအစီအစဉ်၏ နှစ်ပတ်လည်ပွဲကျင်းပခြင်း။

၂၀၁၆ခုနှစ်၊ အောက်တိုဘာလတွင် ထောင်ပေါင်းများစွာသောရုပ်မြင်သံကြားကြည့်သူများအနေဖြင့် “ It Is Written ” ရုပ်မြင်သံကြားအစီအစဉ်၏ အနှစ် ၆၀ပြည့်အထိမ်းအမှတ်ပွဲ အခမ်းအနားကို ကြည့်ရှုကြရမည်ဖြစ်သည်။ ၁၉၅၆ခုနှစ်မှစတင်ပြီး “ It Is Written ” ရုပ်မြင်သံကြားအစီအစဉ်သည် ခေတ်မှီနည်းပညာများအသုံးပြုလျက် ယေရှုခရစ်တော်၏ ချစ်ခြင်းမေတ္တာအကြောင်းကို ဝေငှပေးနေပါသည်။ ယနေ့တွင် “ It Is Written ” ရုပ်မြင်သံကြားအစီအစဉ်၏ ရုံးဌာနချုပ်မှာ Chattanooga, Tennessee တွင် တည်ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၉၇%က ဤအစီအစဉ်ကို ကြည့်ရှုနေကြပါသည်။

# သတ္တမနေ့အသင်းတော် ကမ္ဘာ့သာသနာသတင်း

## ဥပုသ်တော်နေ့တွင်ကစားရန်ငြင်းဆိုခြင်းဖြင့် ဘရာဇီးအားကစားလောကကို အံ့အားသင့်စေခဲ့သူဂိုးဖမ်းသမား။




ဇန်နဝါရီ ၂၈၊ ၂၀၁၆ ခုနှစ်သတင်း၊ ကယ်ရိုလိုင်းနားဖီးလစ်၊ တောင်အမေရိကဒီဗီဇံ။

"ဘရာဇီးနိုင်ငံ၏လက်ရှိနှစ်အတွင်းအကောင်းဆုံးအားကစားဆုရထားသူက သူ၏အသက်ဝမ်းကျောင်း လုပ်ငန်းထက် ဘုရားရှင်ကိုသာရွေးချယ်မည်ဟုပြောကြားခဲ့ခြင်း။"

နောင်လာမည့်ဘောလုံးပွဲများတွင် သောကြာနေ့နေဝင်ချိန်မှစနေနေ့နေဝင်ချိန် မတိုင်မီအထိ ရေးဆွဲထားသည့်ပွဲစဉ်များကို ပါဝင်ကစားမည်မဟုတ်ကြောင်း လက်ရှိအကောင်း ဆုံးဂိုးဖမ်းသမားဆုရထားသူက ကြေငြာခဲ့သည့်သတင်းကြောင့် ဘရာဇီးနိုင်ငံ၏အားကစား လောကကို မုန်တိုင်းထန်တုန်လှုပ်စေခဲ့သည်။

Carlos Vitor da Costa Ressurreicao ၊ အသက် (၃၀)နှစ်သည် ယခင်လ အတွင်းက မြော်လင့်ခြင်းအသင်းတော်အတွင်းနှစ်ခြင်းခံယူခဲ့သူဖြစ်ပြီး ယခင်အပတ်အတွင်းက သူ၏ဆုံးဖြတ်ချက်ကို သတင်းထောက်များထံထုတ်ဖေါ်ပြောပြခဲ့သည့်အတွက် ဘရာဇီးအား ကစားလောကတစ်ခုလုံးတုန်လှုပ် ခြောက်ခြားခဲ့ရသည်သာမက သူ၏ပရိသတ်များထံမှ အံ့အားသင့်မှု၊ သနားခြင်းနှင့်အမျက်ဒေါသများ ပေါ်ပေါက်လာကြသည်။

Ressurreicao သည် လက်ရှိ Series B တွင်ကစားနေသူဖြစ်ပြီး လက်ရှိနှစ်အတွင်း အကောင်းဆုံးအားကစားဆုရထားသူဖြစ်သည့်အတွက် လက်ရှိလစာ၏နှစ်ဆကိုရရှိမည့် Series A ကလပ်အသင်း၏ခေါ်ယူမှုကိုလည်းခံခဲ့ရသူဖြစ်သည်။ သို့သော်ဥပုသ်တော်နေ့တွင် ကစားရမည့် အလုပ်ဖြစ်သောကြောင့် ထိုကမ်းလှမ်းမှုကိုသူငြင်းပယ်ခဲ့သည်။

Ressurreicao ၏အနာဂတ်သည်လေထဲ၌ပျောက်ကွယ်သွားရတော့မည်ဖြစ်သည်။ ယခုလက်ရှိ Series B ပွဲစဉ်အများစုမှာ သောကြာနေ့ နေဝင်မှဥပုသ်တော်နေ့အတွင်းတွင်ဖြစ် နေသည်။ ထို့ကြောင့် သူ၏အသင်းမှလည်း မေလတွင် ကုန်ဆုံးမည့်စာချုပ်သက်တမ်းကို ထပ်မံ တိုးမြှင့်တော့မည်မဟုတ်ကြောင်း ကြေငြာခဲ့သည်။

သို့သော် Ressurreicao ကသူ၏ယုံကြည်ခြင်းတွင်ခိုင်မြဲစွာရပ်တည်ပြီး ဇန်နဝါရီလ ၂၀ ရက် တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်မှာ ဘုရားရှင်အတွက် သာမဟုတ်လျှင် ဘောလုံးကစားခြင်းကိုလည်း သူမည်သည့်အချိန်မျှလုပ်တော့မည်မဟုတ် ကြောင်းပြောကြားခဲ့သည်။



# မြန်မာယူနီယံရှိအမှုဆောင်များ



ဆရာဦးမှူးလာတော
မီဒီယာဌာန



ဆရာဦးဟေထူး
မီဒီယာဌာန



ဆရာဦးထန်ပေါင်
သတင်းနှင့်နည်းပညာဌာန



ဆရာထန်ကပ်ကိမ်း
မြော်လင့်ခြင်းအသံသွင်းဌာန



ဆရာမစိုးစန္ဒာ
ဓမ္မစာပေးစာယူဌာန



ဆရာမမိုးသူဇာ
ဓမ္မစာပေးစာယူဌာန



ဆရာမအေးနှင်းစော
ရုံးစာရေး



ဆရာမဂရေစီဖိုး
ရုံးစာရေး



ဆရာမအက်စတာဟိန်း
ရုံးစာရေး



ဆရာမသူဇာလွင်
ရုံးစာရေး



ဆရာမကနဲဖေါ်
သုခကျန်းမာရေးဌာန



ဆရာမနန့်တင်လှိုင်
အင်စိန်သူနာပြုကျောင်းတာဝန်ခံ

# ကင်းစောင့်ပုံနှိပ်တိုက်တာဝန်ခံများ



ဆရာမဒေါ်အေးအေးထွန်း
စာရင်းကိုင်



ဆရာဦးသိန်းထွန်း
ဖိုမင်



ဆရာကြီးဦးဘုန်းနိုင်
မန်နေဂျာ



ဆရာမဒေါ်ဂျူးလီယာပီတာ
ဘဏ္ဍာရေးမှူး

# မြန်မာနိုင်ငံသတ္တမနေ့အသင်းတော်အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ



သိက္ခာတော်ရဦးမင်းလွင်
AYAS



ဆရာဦးတင်မောင်ကြည်
CMAS



သိက္ခာတော်ရဦးဒေးထူးစိန်
SEAS



သိက္ခာတော်ရဦးဟောက်ဂိုထန်
UMAS



ဆရာဦးစောလေးဝါး
YAS



# စစ်တွေသာသနာနယ်(၂၅)နှစ်ပြည့်မော်ကွန်းမှတ်တိုင်



စစ်တွေခရစ်ယာန်သာသနာခရီးစဉ်ကို ပထမခရီးစဉ်အဖြစ် ၁၉၉၀ပြည့်နှစ်ဖေဖော်ဝါရီလ(၆)ရက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသသို့သာသနာဖြန့်နိုင်ရန်အတွက် ဆရာကြီးဦးဘလှသိန်း၊ ဆရာကြီးဦးဒိုဟင်ပေါင်၊ ဆရာကြီးဦးတင်ဘာချစ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မှထွက်ခွာလာခဲ့ကြပြီး၊ ဖေဖော်ဝါရီလ(၇)ရက်နေ့တွင် စစ်တွေမှကျောက်တော်သို့ ထွက်ခွာသွားခဲ့ကြပါသည်။ ဖေဖော်ဝါရီလ(၁၀)ရက်နေ့တွင် ကျောက်တော်မှ ပုဏ္ဏားကျွန်းမြို့နယ်၊ သက္ကိုင်းတောင်ရွာသို့သွားပြီး ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် စစ်တွေမြို့သို့ ပြန်လာခဲ့ပြီး ရန်ကုန်သို့ပြန်လာခဲ့ပါသည်။

ဒုတိယခရီးစဉ်အဖြစ် ၁၉၉၁ခုနှစ်၊ ဆရာရှုဖွတ်ဖောင်၊ ဆရာဦးရွှေထွန်းနှင့် ဇနီးတို့သည် စစ်တွေသို့ ရောက်ရှိလာပါသည်။ ၁၉၉၄ခုနှစ်တွင် ပေါက်တောမြို့နယ်၊ မညင်းကိုင်းကျေးရွာတွင် ဆရာရှုဖွတ်ဖောင်၏ ကြိုးစားမှုကြောင့် အသင်းတော်တစ်ခုကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

၁၉၉၄ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဆရာဦးဘိုခင်နှင့် ဆရာဦးစိုးမောင်မောင်တို့သည် တောင်မင်းကုလားရွာရှိ ဦးစံသာဦး၏ခြံဝန်းတွင် ရက်တိုတရားပွဲကျင်းပခဲ့ပါသည်။ ၄ဦး နှစ်ခြင်းခံယူခဲ့ပါသည်။ ၁၉၉၄ခုနှစ်၊ အောက်တိုဘာလ(၁၅)ရက်နေ့တွင် အသင်းဝင်(၂၃)ဦးပါဝင်သော စစ်တွေအသင်းတော်ကို မြန်မာယူနီယံဌာနချုပ်မှ အတွင်းရေးမှူး ကိုယ်တိုင်သွားရောက်ဖွဲ့စည်းပေးခဲ့ပါသည်။ ၁၉၉၆ခုနှစ်၊ မတ်လ ၂၃ရက်နေ့တွင် ကျောက်တော်မြို့နယ် ပါချေအသင်းတော်ကိုလည်းကောင်း၊ ၂၀၀၀ခုနှစ်၊ မတ်လ ၂၃ရက်နေ့တွင် တောင်မင်းကုလားအသင်းတော်ကိုလည်းကောင်း၊ ၂၀၀၈-၂၀၁၀ခုနှစ်တွင် ဆရာပန်ဒွန်းလက်ထပ်၌ ကျောက်ဖြူအသင်းတော်နှင့် စပါးဆိပ်(ပီ)အသင်းတော်ကိုလည်းကောင်း တည်ထောင်ခဲ့ပါသည်။

၂၀၁၁-၂၀၁၅ခုနှစ်အတွင်း ဆရာဦးစိုးမောင်မောင်သည် အမှုတော်ဆောင်လူကြီးများနှင့် ပူးပေါင်းပြီး ဘုရားရှင်၏ အမှုတော်တိုးတက်အောင် ကြိုးစားဆောင်ရွက်ခဲ့ပါသည်။

စစ်တွေသာသနာနယ်တွင် ၁၉၉၀ပြည့်နှစ်မှစပြီး ၂၀၁၅ခုနှစ်အထိ ၂၅ခုနှစ်တာ ကာလအတွင်း နယ်စီးဆရာများ၊ တာဝန်ခံဆရာ၊ ဆရာမများ၊ ပင်စင်စားဆရာကြီး၊ ဆရာမကြီးများနှင့်ပါဝင်ဆက်ကပ်ခဲ့ကြသော အမှုတော်ဆောင်လူကြီးများ၏ ကျေးဇူးတော်ကြောင့် စစ်တွေနယ်ရှိလူများသည် စစ်မှန်သော ကယ်တင်ရှင်(ယေရှုဘုရားရှင်)ကို သိရှိခွင့်ရရှိခဲ့ပါသည်။

Pr. စိုးမောင်မောင် (နယ်စီး)

## YAS ကျောင်းဆောင်သစ်အားပန္နက်ရိုက်အုတ်မြစ်ချခြင်း။



၂၀၁၆ခုနှစ်၊ ဇွန်လ ၁၀ရက်၊ နံနက် ၁၁နာရီအချိန်တွင် YAS ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်ရိုက် အုတ်မြစ်ချခြင်းအစီအစဉ်ကို ကျောင်းတော်ကြီးတည်ရှိရာ အမှတ်၃၄၊ နတ်မောက်လမ်းသွယ်(၁)တွင် ကျင်းပခဲ့ကြောင်း။

၄င်းအစီအစဉ်တွင် YASကျောင်းသူ/သားများက သီချင်းအားဖြင့် ဂုဏ်တော်ချီးမွမ်းခြင်း၊ သိက္ခာတော်ရဓမ္မဆရာဦးလားရော်ဘောလ်လာမှ အဖွင့်ဆုတောင်းခြင်း၊ သိက္ခာတော်ရဓမ္မဆရာ ဦးခင်မောင်လတ်မှ ကျမ်းစာဖတ်ကြားခြင်း၊ YAS ကျောင်းအုပ်ဆရာကြီး ဦးစောလေးဝါးမှ ကျောင်း၏ရာဇဝင်၊ ကျောင်းဆောင်သစ်ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းများကို တင်ပြခြင်း၊ သိက္ခာတော်ရ ဓမ္မဆရာဦးကိုင်ခန့်ခွါလ်မှ အထူးဆက်ကပ်ဆုတောင်းခြင်းများ ပြုလုပ်ခဲ့ကြောင်း။

ထို့နောက် မြန်မာယူနီယံဘဏ္ဍာရေးမှူးချုပ်ဆရာကြီးဦးခဲလေသိန်း၊ ရန်ကုန်တိုင်းဥက္ကဌ သိက္ခာတော်ရဓမ္မဆရာဦးမောင်မောင်ဌေးနှင့် YAS ကျောင်းအုပ်ဆရာကြီး ဦးစောလေးဝါးတို့မှ ပန္နက်ရိုက် အုတ်မြစ်ချခြင်းအစီအစဉ်၌ ပါဝင်ခဲ့ကြောင်း၊ YAS ကျောင်းဆောင်သစ်အား ခြောက်ထပ်ဆောက် လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။





# မြန်မာယူနီယံဌာနချုပ်သတင်း

## "အသင်းသားတိုင်းပါဝင်အမှုတော်တွင်" သင်တန်းပို့ချခြင်း





သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်၊ ကမ္ဘာ့ဌါနချုပ်မှ ၂၀၁၆မှ၂၀၂၀ခုနှစ်အထိ၊ "ကမ္ဘာကို အရောက်လှမ်းပါ၊ အသင်းသားတိုင်းပါဝင်အမှုတော်တွင်" ဆောင်ပုဒ်အားဖြင့် အသင်းသားတိုင်း အမှု တော်တွင် မည်ကဲ့သို့ပါဝင်နိုင်ရန် စီမံကိန်းရေးဆွဲပြီး အသင်းတော်တိုင်း ပါဝင်လုပ်ဆောင်ရန် တိုက်တွန်း ခဲ့သည့်အတိုင်း မြန်မာယူနီယံအနေဖြင့် မေလ၁၂၊ ၂၀၁၆ခုနှစ်၊ ကြာသပတေးနံနက်တွင် သာသနာပိုင်ချုပ် ဦးစောတိမော သေမူနားပေါလ်မှ အမှုတော်ဆောင်များအား သင်တန်းပို့ချပေးခဲ့ပါသည်။ ၄င်းနောက် မြန်မာယူနီယံ ခေါင်းဆောင်များနှင့် ဌါနဆိုင်ရာညွှန်ကြားရေးမှူးများဦးဆောင်၍ မြန်မာယူနီယံလက်အောက်ရှိ မစ်ရှင် ၅ခုသို့ ထပ်ဆင့်မွမ်းမံသင်တန်းပေးရန် အဖွဲ့ ၅ဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိပါ သည်။

အဖွဲ့ (၁) ဧရာဝတီတိုင်း
- ဦးစောတိမောသေမူနားပေါလ်(ခေါင်းဆောင်)
- ဒေါ်ချိုချိုပေါလ်
- ဦးဝေလစင်ဖိုး

အဖွဲ့ (၂) အလယ်ပိုင်းတိုင်း
- ဦးကယ်လီပီလျန်း(ခေါင်းဆောင်)
- ဦးခင်မောင်လတ်
- ဦးခလောဒီးယပ်စ်ဘရောင်း

အဖွဲ့ (၃) အရှေ့တောင်တိုင်း
- ဦးစောခဲလေသိန်း(ခေါင်းဆောင်)
- ဦးဆားနေညွန့်
- ဦးမူးလာတော

အဖွဲ့ (၄) အထက်ပိုင်းတိုင်း
- ဦးကိုင်ခန့်ခွါလ်(ခေါင်းဆောင်)
- ဦးလားရော်ဘောလ်လာ
- ဦးထန်ကန်းလို

အဖွဲ့ (၅) ရန်ကုန်တိုင်း
- ဦးရှိုင်းသာ(ခေါင်းဆောင်)
- ဒေါ်စိုဟီးလာရှိုင်း
- ဦးဇစ်တာသန်း

------- ******* -------

## တနေ့သုံးကြိမ်ဆုတောင်းကြပါစို့



အသင်းတော်၏အထူးစီမံကိန်းဖြစ်သော မနက် ၇နာရီ၊ ည ၇နာရီအတူတကွ ဆုတောင်းခြင်းအစီအစဉ်၌ မြန်မာယူနီယံရှိ အမှုတော်ဆောင်များ ပါဝင်သည်သာမက နေ့လည် ၁၂နာရီ တိတိတွင် တကြိမ်ထပ်မံ၍ ဆုတောင်းခြင်းအားဖြင့် တနေ့လျှင် သုံးကြိမ်၊ ဒံယေလကဲ့သို့ ဆုတောင်းလျက်ရှိကြောင်း သတင်းရရှိပါသည်။

------- ******* -------

## မာရသွန်ဆုတောင်းခြင်းအစီအစဉ်





မြန်မာယူနီယံရှိ အမှုတော်ဆောင်များနှင့် မိသားစုဝင်များအနေဖြင့် မာရသွန်ဆုတောင်းခြင်းအစီအစဉ်ကို ညနေ ၆နာရီမှ မနက် ၆နာရီအထိ၊ သုံးလတစ်ကြိမ် ပြုလုပ်ကျင်းပလျက်ရှိကြောင်း၊ အဖွဲ့ ၁၂ဖွဲ့မှ တဖွဲ့လျှင် တနာရီတိတိ အတူတကွပါဝင်ဆုတောင်းကြကြောင်း သတင်းရရှိပါသည်။

------- ******* -------



## အမျိုးသမီးခေါင်းဆောင်သင်တန်း (Level 2)





၂၀၁၆ခုနှစ်၊ ဇွန်လ၅ရက်၊ တနင်္ဂနွေနေ့မှစပြီး အမှတ်၆၈၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ရှိ ခရစ်တော်ကို မြော်လင့်သောသတ္တမနေ့အသင်းတော်တွင် အမျိုးသမီးခေါင်းဆောင်သင်တန်း Level 2ကိုစတင်ဖွင့်လှစ်ခဲ့ကြောင်း။

အဆိုပါသင်တန်းတွင် ဆရာမကြီးဒေါ်စိုဟီးလာရှိုင်းက သင်ခန်းစာများပို့ချပေးခဲ့ပြီး၊ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း၊ တစ်ပတ်တစ်ရက် သင်ကြားပို့ချပေးကြောင်း။ တက်ရောက်သူပေါင်းမှာ ၁၈ယောက်ဖြစ်ကြောင်း။

သင်တန်းတွင် ဓမ္မဟောင်းကျမ်းစာမှ အမျိုးသမီးများ၊ အစ္စလာမ်အမျိုးသမီးများထံသို့၊ အမျိုးသမီးသာသနာလုပ်ငန်းဌာနအတွက် ငွေကြေးလျာထားချက်၊ ဆုတောင်းခြင်းသာသနာလုပ်ငန်း၊ အသင်းသားဟောင်းများကို ပြန်လည်ရှာဖွေခြင်း၊ အသင်းသူ/သားအသစ်များကို တပည့်တော်ဖြစ်သွန်သင်ခြင်း၊ ထိရောက်သောသင်တန်းတစ်ခုကို တင်ဆက်ခြင်း၊ အဖွဲ့ငယ်သာသနာလုပ်ငန်းနှင့် အထောက်အကူအဖွဲ့များစသည့် အကြောင်းအရာများကို သင်ကြားပို့ချကြောင်း။

အထက်ပါအကြောင်းအရာများကို သင်ကြားပို့ချခြင်းဖြင့် အမျိုးသမီးခေါင်းဆောင်များအနေဖြင့် ဗဟုသုတများကြွယ်ဝကာ အမှုတော်လုပ်ငန်းတွင် ပို၍ဆက်ကပ်ပါဝင်နိုင်စေရန် ရည်ရွယ်ကြောင်း သတင်းရရှိပါသည်။

## အမျိုးသမီးခေါင်းဆောင်သင်တန်း (အဆင့်၁)




အချိန်။ ။ မေလ ၅-၇ရက်၊ ၂၀၁၆ခုနှစ်။
နေရာ။ ။ ညောင်ပင်လှ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်(ရန်ကုန်တိုင်းသာသနာ)။
တက်ရောက်သူ။ ။ အမျိုးသမီး (၂၄)ဦး။

## အမျိုးသမီးခေါင်းဆောင်သင်တန်း (အဆင့်၁)




အချိန်။ ။ မေလ ၉-၁၁ရက်၊ ၂၀၁၆ခုနှစ်။
နေရာ။ ။ မဲလမောင်း၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ်(ရန်ကုန်တိုင်းသာသနာ)။
တက်ရောက်သူ။ ။ အမျိုးသမီး (၄၅)ဦး။



## ငပလီသို့မြန်မာယူနီယံမိသားစုအပန်းဖြေခရီးစဉ်



သံတွဲမြို့နယ်၊ ငပလီမြို့နယ်ရှိ ငပလီကမ်းခြေသို့ မြန်မာယူနီယံမိသာစုအပန်းဖြေခရီးစဉ်ကို ယူနီယံလူကြီးများဦးဆောင်လျက် ယူနီယံအမှုဆောင်များနှင့် မိသားစုများအပါအဝင်လူပေါင်း(၁၀၅)ယောက်သည် ဧပြီလ၂၄ရက်၊ နံနက် ၅နာရီအချိန်တွင် ကားနှစ်စီးဖြင့် စတင်၍ ခရီးထွက်ခဲ့ပြီး ညနေ ၆နာရီခန့်တွင် ရောက်ရှိကြောင်း။ ထိုနေ့ညနေဝတ်ပြုစည်းဝေးတွင် ဦးခင်မောင်လတ်က မောရှေကပင်လယ်နီကို ခွဲသည့်အကြောင်းကို အခြေခံထားပြီး ဘုရားရှင်သည် သူ၏သားသမီးများကို အမြဲစောင့်ရှောက်ခဲ့သည်ကို ဟောပြောခဲ့ကြောင်း။

ဧပြီလ၂၅ရက်နေ့၊ နံနက်ဝတ်ပြုစည်းဝေးချိန်တွင် ဦးကယ်လီပီလျှန်းက လာမည့်ငါးနှစ်အတွင်းမှာ အမှုတော်ဆောင်များစည်းလုံးညီညွတ်မှုရှိလျှင် ဘုရားရှင်၏ အမှုတော်တိုးတက်အောင်မြင်မည်ဖြစ်ကြောင်း ဟောကြားခဲ့ပြီး၊ ထိုနေ့၂၅ရက်ညနေဝတ်ပြုစည်းဝေးချိန်တွင် ဦးလားရော်ဘောလ်လာက ဘုရားသခင်လမ်းညွှန်ပို့ဆောင်မှုသည် အံ့ဩဖွယ်ဖြစ်ကြောင်း တရားဒေသနာဝေငှခဲ့ပါသည်။ ဧပြီလ၂၆ရက်နံနက်ဝတ်ပြုချိန်တွင် ဦးခဲလေသိန်းက လူတို့၏အသက်တာသည် လောကခရီးသွားနေခြင်းဖြစ်ကြောင်း၊ ဧပြီလ၂၆ရက်ညနေဝတ်ပြုချိန်တွင် ဦးဆားနေညွန့်က ထာဝရဘုရား၏လမ်းခရီးကို လျှောက်လှမ်းရာတွင် ဘုရားကို ချစ်ကြောက်ရှိသေသောမိသားစုအသက်တာရှိရမည်ဖြစ်ကြောင်း။ ဧပြီလ၂၇ရက်နံနက်ပိုင်းတွင် ဦးထန်ကန်းလိုက ထာဝရဘုရားသခင်ပေးသောအမွေနှင့်ပတ်သတ်သောအကြောင်းအရာကို ပြောကြားရင်းအားပေးတိုက်တွန်းခဲ့ကြောင်း။

အဆိုပါ အဖွဲ့သည် ဧပြီလ၂၇ရက်နေ့၊ နံနက်၁၀နာရီခန့်တွင် ငပလီကမ်းခြေမှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာခဲ့ပြီး ည၁၁နာရီခန့်တွင် ဘုရားရှင်၏ကွယ်ကာစောင့်ရှောက်မှုကြောင့် ဘေးကင်းလုံခြုံစွာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိပါသည်။

------- ******* -------

## ဘူးသီးတောင်သာသနာနယ်မှ မွတ်ဆလင်အဦးသီးများ





ဘင်္ဂလားဒေ့ရှ်မှ ဘင်ဂါလီမွတ်ဆလင်များ ရခိုင်ပြည်နယ်သို့ တရားမဝင် လာရောက်နေထိုင်လာသည်မှာ နှစ်ပေါင်းရာစုဝက်ကျော်လာပြီဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် ဘင်ဂါလီတစ်သန်းကျော်နေထိုင်ကြောင်း သတင်းအချက်အလက်များမှ သိရပါသည်။ ထိုသူများအတွက် ကမ္ဘာပေါ်တွင်နိုင်ငံမရှိ၊ သားသမီးများပညာရေးအတွက် ကျောင်းမရှိ၊ ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်းမရှိပါ။ အမိုးသက်ကယ်၊ အကာရွံ့၊ ကြမ်းခင်းမြေကြီးဖြင့် တည်ဆောက်သောအိမ်တွင် နေထိုင်ရပြီး၊ ကမ္ဘာ့အဆင်းရဲဆုံးလူသားများစာရင်းတွင် တစ်ခုတည်းသော မြော်လင့်ချက်မှာ ကောင်းကင်ရွှေပြည်တော်ဖြစ်ပါသည်။

ချင်းပြည်နယ်မတူပီမြို့နယ်မှ သာသနာပြုများ၊ အိန္ဒိယပြည်၊ မီဇိုးပြည်နယ်မှ သာသနာပြုများ၊ ကိုရီးယား အသင်းတော်မှ စေလွှတ်သောမြန်မာသာသနာပြုများမှာ ထိုနေရာသို့သွားရောက်ပြီး သာသနာပြုခဲ့ကြပါသည်။ ဘူးသီးတောင်မြို့နယ် ထောင်ချောင်ကျေးရွာသည် အိမ်ခြေ (၃၅၀) ကျော်နေထိုင်သောရွာဖြစ်ပါသည်။ ထိုရွာမှလူပေါင်း (၁၀၀)ခန့်သည် ခရစ်တော်အား ကိုယ်ပိုင်ကယ်တင်ရှင်အနေဖြင့် လက်ခံပြီး ခရစ်ယာန်ဘာသာသို့ကူးပြောင်းလာခဲ့ကြ ပါသည်။ သို့သော် သာသနာပြုများ၏အစားအသောက်အနေအထိုင်သည် သမ္မာကျမ်းစာနှင့်မကိုက်ညီသဖြင့် ၎င်းတို့အနေဖြင့် သမ္မာတရားကို ဆက်လက်ရှာဖွေရာ ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းတော်အကြောင်း ဘူးသီးတောင်မှလာသောဒေါ်ငယ်နှင့် ရန်ကုန်မှ လာသောဦးမန်းထွန်းကြီးထံမှသိရပါသည်။ ထောင်ချောင်မွတ်ဆလင်များထံမှ မာကေ ဒေါ်နီခေါ်သံကိုကြားရသော်လည်း ဒေသအခြေအနေမငြိမ်သက်မှုကြောင့် နှစ်နှစ်ကျော်ဆိုင်းငံ့ခဲ့ရပါသည်။

၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂-၂၈ရက်အထိ စစ်တွေနယ်စီး ဆရာဦးစိုးမောင်မောင်၊ ကျောက်ဖြူအသင်းအုပ် ဆရာအောင်ကျော်ထွန်းနှင့် စာရေးသူကိုယ်တိုင်သွားရောက်သာသနာပြုခဲ့ရာ ဖေဖော်ဝါရီလ၂၆၊၂၇ရက်နေ့တွင် အဖ ဘုရားထံမှ အဖိုးတန်ဝိညာဉ် (၂၁)လုံးကို နှစ်ခြင်းပေးခြင်းဖြင့် ရိတ်သိမ်းနိုင်ခဲ့ပါသည်။

ထိုဝိညာဉ်များကိုပျိုးထောင်ရန် ( Nurturing)၊ တပည့်တော်ဖြစ်သင်တန်းပေးရန် (Discipleship)၊ စာမတတ် သောကလေးငယ်များကို စာသင်ပေးရန် မြောင်းမြမွတက္ကသိုလ်မှ ဝင်းဝင်းမိုးကျော်နှင့် မောင်ဝင်းတို့သည် နွေရာသီ ကျောင်းပိတ်ရက် ဧပြီလနှင့်မေလတွင် မိမိတို့အချိန်နှင့် ပညာများကို



# ရန်ကုန်တိုင်းသာသနာလှုပ်ရှားမှုများ

## YCC အမျိုးသမီးများရက်တိုတရားပွဲကျင်းပခြင်း



ရန်ကုန်ဗဟိုအသင်းတော်(YCC)မှ အမျိုးသမီးသာသနာညွှန်ကြားရေးမှူး ဆရာမဒေါ်စိုဟီးလာရှိုင်းနှင့် အမျိုးသမီးခေါင်းဆောင်ဒေါ်ကြည်ကြည်အေးတို့ဦးဆောင်လျက် ၂၀၁၆ခုနှစ်၊ မတ်လ၁၇ရက်မှ ၂၆ရက်နေ့အထိ ဒိုက်ဦးမြို့နယ်၊ တောင်သာရွှေဂျို့ပင်ကျေးရွာတွင် အမျိုးသမီးရက်တိုတရားပွဲကို ၁၀ရက်တာကျင်းပခဲ့ပါသည်။

အဆိုပါတရားပွဲတွင် ရန်ကုန်ဗဟိုအသင်းတော်မှ အမျိုးသမီးများက ညစဉ်၆နာရီမှ ၉နာရီအထိ ကလေးသူငယ်များကို သီချင်းသင်ပေးခြင်း၊ ကျန်းမာခြင်းသတင်းများပြောကြားဝေငှခြင်းနှင့် တရားဒေသနာဟောကြားခြင်းကို အလှည့်ကျတာဝန်ယူဆောင်ရွက်သွားကြောင်း။

ထို့အပြင် နေ့စဉ်နံနက်နှင့်ညနေပိုင်းတွင် အသင်းသူ/သားများအိမ်သို့၄င်း၊ အသင်းဝင်မဟုတ်သည့် အိမ်များ သို့၄င်း၊ အလည်သွားရောက်ကာ မိတ်သဟာယဖွဲ့ခြင်းများ၊ အိမ်သားများအတွက် ဆုတောင်းပေးခြင်း၊ ကျမ်းစာသင်ပေး ခြင်းများ ပြုလုပ်ခဲ့ကြောင်း။

ထိုတရားပွဲအပြီးတွင် အလယ်ပိုင်းတိုင်းဥက္ကဋ္ဌကြီးနှင့်တကွ ဆရာ/မများ၊ ရန်ကုန်တိုင်းမှ ဆရာကြီးများနှင့် ဆရာ/မများကြွရောက်ကာ နှစ်ခြင်းမင်္ဂလာပွဲကိုလာရောက်အားပေးကြကြောင်း၊ ထိုနှစ်ခြင်းမင်္ဂလာပွဲတွင် ဝိညာဉ်အသီး ၁၁လုံးရိတ်သိမ်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။



## Lay Activities Band (L.A.B) နှစ်ပတ်လည်နိုးကြားခြင်း ဓမ္မစည်းဝေးပွဲကျင်းပခြင်း

၂၀၁၆ခုနှစ်၊ မတ်လ၁၈-၂၀ရက်နေ့အထိ **Lay Activities Band (L.A.B)** နှစ်ပတ်လည် နိုးကြားခြင်းဓမ္မစည်းဝေးပွဲကို လက်ပံချောင်းကျေးရွာခန်းမဆောင်တွင် ကျင်းပခဲ့ကြောင်း။ ယင်းအစည်း အဝေးမတိုင်မီနှစ်ပတ်ခန့်တွင် တရားပွဲကျင်းပခဲ့ပြီး မီဇိုရမ် **(Mizoram)** မှတရားဟော ဆရာများဖြစ် ကြသော ဦးဗျက်ချော်နာ နှင့် ဦးလားသလားမွန်နာ **(Lalthlamuana)** တို့ တရားဒေသနာ ဟောကြားခဲ့ ကြကြောင်း။ ယင်းအစည်းအဝေးပွဲတွင် အထက်မြန်မာပြည်အတွင်းရေးမှူး Pr. ရှိဇားမား တက်ရောက်ခဲ့ ကြောင်း။ တရားပွဲအပြီး ဥပုသ်နေ့တွင် ၁၇ဦးနှစ်ခြင်းခံခြင်းဖြင့် ဝိညာဉ်သစ် ၁၇လုံးကို ရိတ်သိမ်းနိုင်ခဲ့ ကြောင်း။

ထို့အတူ ၂၀၁၆ခုနှစ်၊ ဧပြီလ၂ရက်နေ့တွင် စစ်ကိုင်းတိုင်းချင်းစုကျေးရွာတွင် ဘုရားကျောင်း ဆောင်အသစ်၌ **L.A.B** အမျိုးသမီးများ၏နှစ်ပတ်လည်ဓမ္မစည်းဝေးပွဲကိုလည်း ကျင်းပကြကြောင်း။ ယင်းစည်းဝေးပွဲတွင် အထက်မြန်မာပြည်အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ Pr.ကပ်လျန်ထန်းနှင့် အတွင်းရေးမှူး Pr.ရှိဇားမား တက်ရောက်ခဲ့ကြောင်း။ ကိုယ်စားလှယ်အယောက် ၁၆၀ခန့်တက်ရောက် ခဲ့ကြောင်း သတင်းရရှိပါသည်။

## စင်းကယ်အမျိုးသမီးတရားပွဲ



၂၀၁၆ခုနှစ်၊ မေလ ၁၂မှ ၂၂ရက်အထိ အထက်ပိုင်းတိုင်းအမျိုးသမီးဌာနညွှန်ကြားရေးမှူး ဆရာမဥမ္မာစံ၊ ဒေါက်တာခမ်ခန်းလျန်၊ ဆရာမဒင်ခန်ညမ်တို့ဦးဆောင်၍ အမျိုးသမီးတရားပွဲကို ကလေးမြို့ စင်းကယ်တွင် ကျင်းပခဲ့ကြောင်း၊ အဆုံးတွင် ဝိညာဉ်အလုံး ၂၀ရိတ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။



ဘူးသီးတောင်မြို့နယ်တွင် ဘုရားအမှုတော်တိုး တက်ရန် ဆက်ကပ်ပေးလှူခဲ့ကြပါသည်။ ဘူးသီးတောင်မြို့နယ်ရှိ ဘင်ဂါလီမွတ်ဆလင်များအတွင်း ခရစ်တော်၏ မေတ္တာတော်ပြန့်ပွါးနိုင်ရန် ဆုတောင်းခြင်း၊ အလှူငွေပေးခြင်းအားဖြင့် ပါဝင်ဆက်ကပ်နိုင်ပါသည်။

ထောင်ချောင်မွတ်ဆလင်သာသနာအတွက် အလှူရှင်များ

| | |
|---|---|
| ၁။ ဒေါ်မေနု အဝီစိတွင်းတူးရန် | ၄၀၀,၀၀၀.၀၀ကျပ် |
| ၂။ ဒေါက်တာလှလှအေး (HPA) | ၃၀,၀၀၀. ၀၀ကျပ် |
| ၃။ ဦးအောင်နိုင်ဦး + ဒေါ်နော်ကူးမ- ဘုရားကျောင်းအတွက်မြေ | ၃၉၀,၀၀၀. ၀၀ကျပ် |
| ၄။ ရန်ကုန်ဗဟိုအသင်းတော် | ၂၁၀,၀၀၀.၀၀ကျပ် |
| ၅။ ယူနီယံဆရာနှစ်ဦးလမ်းစရိတ်၊ စားစရိတ် | ၅၁၆,၀၀၀. ၀၀ကျပ် |
| ၆။ ရန်ကုန်တိုင်း၊ စာအုပ်၊ စာရေးကိရိယာ | ၅၀,၀၀၀. ၀၀ကျပ် |
| | ၁,၅၉၆,၀၀၀. ၀၀ကျပ် |

၇။ ဆရာနှစ်ဦး၏ကျောင်းစရိတ်အတွက် အလှူငွေများကို ယူနီယံဘဏ္ဍာရေးဌာနသို့လှူဒါန်းနိုင်ပါသည်။ (အလှူရှင်အားလုံး အဖဘုရားအဆတရာသောကောင်းချီးများချပေးပါစေ။ အာမင်။

ဦးကယ်လီပီလျန်း
အတွင်းရေးမှူးချုပ်
ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်

------- ******* -------

## ၂၀၁၆ မှ ၂၀၂၀အထိ အသင်းတော်ဆောင်ပုဒ်များ

၂၀၁၆ခုနှစ် - "Reach the World: Total Member Involvement"
"ကမ္ဘာကိုအရောက်လှမ်းပါ၊ အသင်းသားတိုင်းပါဝင်အမှုတော်တွင်"
၂၀၁၇ခုနှစ် - "Reach the World: Christ Our Righteousness"
၂၀၁၈ခုနှစ် - "Reach the World: Faithfulness to His Word"
၂၀၁၉ခုနှစ် - "Reach the World: Faithfulness to His Prophets"
၂၀၂၀ခုနှစ် - "Reach the World: Faithfulness in Christian Lifestyle"

## တာဟန်း(ဘီ) အသင်းတော်အားကြိုဆိုပွဲ

၂၀၀၄ခုနှစ်မှစ၍ အထက်မြန်မာပြည်သာသနာသည် ကွန်ဖရင့်လှုပ်ရှားမှုကြောင့် အသင်းသူ/သား၃၀၀၀ခန့် မိခင်အသင်းတော်မှခွဲထွက်ခဲ့ပါသည်။ မိခင်အသင်းတော် အနေဖြင့် ခွဲထွက်သွားသောသူများပြန်ဝင်လာရန် အမြဲဆုတောင်းပေးခဲ့ပါသည်။ ၂၀၁၁ခုနှစ်တွင် အန်လန်းကွန်ဖရင့်အဖွဲ့မှ အသင်းသူ/သား ၁၀၀ခန့် မိခင်အသင်း တော်သို့ ပြန်ဝင်လာရာ မြန်မာယူနီယံဥက္ကဋ္ဌနှင့် ဒါရိုက်တာများ၊ အထက်မြန်မာ ပြည်ဥက္ကဋ္ဌအပါအဝင် ခေါင်းဆောင်၁၁ဦးမှ နွေးထွေးစွာကြိုဆိုလက်ခံခဲ့ကြပါသည်။ ထို့နောက် လဲကန်၊ ကပ်တဲလ်၊ တွန်းဇံနှင့် အခြားကွန်ဖရင့်အဖွဲ့များမှ မိခင်အသင်းတော်သို့ တဖွဲဖွဲပြန်ဝင်လာကြပါသည်။

၂၀၁၅ခုနှစ်မှစ၍ တာဟန်း (ဘီ)ကွန်ဖရင့်အသင်းတော်သည် မိခင်အသင်းတော် သို့ ပြန်ဝင်လာရန်၊ မြန်မာယူနီယံမစ်ရှင်မှခေါင်းဆောင်များနှင့် အသင်းသူ/သားများက အမြဲသတိယဆုတောင်းပေးကြပါသည်။ မတ်လ (၃၁) ရက်နေ့၊ နေ့လည်တစ်နာရီ အချိန်တွင် တာဟန်း (ဘီ)အသင်းလူကြီး ထန်လျန်းခုပ်မှ စာရေးသူကိုဖုန်းဆက်ပြီး၊ ဧပြီလ ၂ရက်နေ့တွင် မိခင်အသင်းတော်သို့ ပြန်ဝင်လာမည်ဖြစ်ကြောင်း အကြောင်း ကြားလာပါသည်။ သို့ဖြစ်၍ မြန်မာယူနီယံမစ်ရှင်လူကြီးများက အမြန်ဆုံး တိုင်ပင်ဆုံးဖြတ်ပြီး ယူနီယံအတွင်းရေးမှူး ဆရာဦးကယ်လီပီလျန်း၊ ယူနီယံဘဏ္ဍာရေးမှူး ဆရာဦးခဲလေသိန်း၊ ယူနီယံဥပုသ်စာဖြေဒါရိုက်တာဆရာဦးထန်ကန်းလို၊ အထက်ပိုင်းတိုင်း ဥက္ကဋ္ဌ ဦးကပ်လျန်းထန်၊ အထက်ပိုင်းတိုင်းအတွင်းရေးမှူး ဆရာဦးရိုဇားမာတို့သည် ထိုညတွင် ကလေးမြို့သို့သွားခဲ့ကြပါသည်။ ယူနီယံဥက္ကဋ္ဌကြီးဆရာဦးမူနားပေါလ်သည် ဟုမ္မလင်းတွင် တရားပွဲကျင်းပနေချိန်ဖြစ်သောကြောင့် မလာနိုင်ခဲ့ချေ။

တာဟန်း (ဘီ)အသင်းတော်သည် ဧပြီလ (၁)ရက်နေ့မနက်တွင် အသင်းတော်ဘုတ်အဖွဲ့ဖြင့်၄င်း၊ ညနေပိုင်း တွင် အသင်းသားအားလုံး၏ဆန္ဒကိုခံယူပြီး အများသဘောတူခြင်းဖြင့် အသင်းတော်သို့ဝင်လာရန် ဆုံးဖြတ်ချက်ချခဲ့ကြ ပါသည်။ ဧပြီလ (၂)ရက်နေ့တွင် တာဟန်း (အေ)အသင်းတော်/တာဟန်း (shallom)အသင်းတော်၊ တောင်ဇလပ် အသင်းတော်၊ ပန်ပီးအသင်းတော်များမှ တာဟန်း(ဘီ)အသင်းတော် ကြိုဆိုပွဲကို လာရောက်အားပေးကြပါသည်။ အသင်းလူကြီးဦးထန်လျန်းခုပ်နှင့် အသင်းအုပ် ဆရာဦးပေါင်ဆွင့်မုန်တို့က အသင်းသားမိသားစု(၃၃)စု၊ အသင်းသူ/ သား (၁၈၀)ကျော်၏နာမည် စာရင်းဖတ်ခြင်း၊ အသင်းတော်ပိုင်ပစ္စည်းစာရင်းများကိုဖတ်ကြားပြီး ခရစ်တော်ကို မြော် လင့်သောသတ္တမနေ့ အသင်းတော်မြန်မာယူနီယံဌာနချုပ်သို့ အပ်နှံကြောင်းကြေငြာခဲ့ပါသည်။ မြန်မာယူနီယံမစ်ရှင် အတွင်းရေးမှူးနှင့် အထက်ပိုင်းတိုင်း ဥက္ကဋ္ဌတို့မှ ဝမ်းမြောက်ဝမ်းသာစွာကြိုဆိုလက်ခံခဲ့ကြပါသည်။ အသင်းတော်၏ နာမည်ကိုလည်း တာဟန်း(ဘီ)အသင်းတော်မှ ထောင်ဖီလာ ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းတော်ဟု ကင်ပွန်းတပ်ခဲ့ပါသည်။ ထောင်ဖီလာအသင်းသူအသင်းသားများအား အဖဘုရားဆက်လက်ကောင်းချီးမိုးသွန်း လောင်းပေးရန် ဆုတောင်းပေးခြင်းအားဖြင့် သတိရကြပါစို့။

ဦးကယ်လီပီလျန်း
အတွင်းရေးမှူးချုပ်
ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်



## တွန်းဇံမြို့နယ်နှစ်ပတ်လည်နိုးကြားခြင်းဓမ္မစည်းဝေးပွဲကျင်းပခြင်း

၂၀၁၆ခုနှစ်၊ မတ်လ၁၂ရက်နေ့၌ တွန်းဇံနယ်နှစ်ပတ်လည်နိုးကြားခြင်းဓမ္မစည်းဝေးပွဲနှင့် တက်ဇံ ကျေးရွာ၌ အသစ်တည်ဆောက်ထားသည့် ဘုရားကျောင်းဆက်ကပ်ပွဲကို ကျင်းပခဲ့ကြောင်း။ ထိုပွဲတွင် Pr. ဂင်လမ့်ကျင်၊ Pr. တွမ်ရှန်ပေါင်၊ Pr. ကျင်လျန်ဟောင်၊ တက်ဇံသင်းအုပ်ဆရာပေါင်မွမ်မန်တို့ဦးဆောင်ပြီး ကိုယ်စားလှယ်၄၅ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

## မဏိပူရမြစ်အနောက်ဖက်နယ်နှစ်ပတ်လည်ဓမ္မစည်းဝေးပွဲ

၂၀၁၆ခုနှစ်၊ မတ်လ၁၇ရက်နေ့၌ မြန်မာနိုင်ငံအတွင်းမဏိပူရမြစ်အနောက်ဖက် နယ်ဆိုင်မွန်း ကျေးရွာတွင် နှစ်ပတ်လည်နိုးကြားခြင်းဓမ္မစည်းဝေးပွဲကို ကျင်းပခဲ့ကြောင်း။ အဆိုပါ ဓမ္မစည်းဝေးပွဲတွင် မြန်မာယူနီယံအတွင်းရေးမှူးချုပ် Pr. ကယ်လီပီလျန်း၊ အထက်မြန်မာပြည်ဥက္ကဋ္ဌ Pr. ကပ်လျန်ထန်း၊ နယ်စီး Pr. သွမ်ရှန်ပေါင်တို့ ဦးဆောင်တက်ရောက် အားပေးကြကြောင်း။ နယ်မှကိုယ်စားလှယ်ပေါင်း ၂၀၀ခန့်တက်ရောက်ကြကြောင်း သတင်းရရှိပါသည်။

## ကလေးမြို့နယ်ဆင်ရွာကျေးရွာ၌အမျိုးသမီး(RB) နှစ်ပတ်လည်ဓမ္မစည်းဝေးပွဲ

၂၀၁၆ခုနှစ်၊ မတ်လ၁၇-၁၉ရက်နေ့၌ ကလေးမြို့နယ် **RB** အမျိုးသမီးများနှစ်ပတ်လည် နိုးကြားခြင်းဓမ္မစည်းဝေးပွဲကို ကျင်းပခဲ့သည်။ ယင်းစည်းဝေးပွဲတွင် အထက်မြန်မာပြည်အမျိုးသမီး လုပ်ငန်းဆိုင်ရာ ညွှန်ကြားရေးမှူးဆရာမဥမ္မာစံကိုယ်စား ဒေါ်ဗန်လားထန်နီး (**Mrs. Rozama**) တက်ရောက်ပြီး နယ်မှကိုယ်စားလှယ်များ၊ ဆရာမကြီးများတက်ရောက်ခဲ့ပါသည်။ ထိုအစည်းအဝေး၏ ဆောင်ပုဒ်မှာ ယောရှု ၁း၉မှ "အားယူ၍ရဲရင့်ခြင်းရှိလော့" ဟူ၍ ဖြစ်သည်။ ကိုယ်စားလှယ်အမျိုးသမီး များသည် သခင်ယေရှုကြွလာသည့်တိုင်အောင် သစ္စာနှင့်အမှုတော်တွင် မိမိတို့၏ တာဝန်များကို ရဲရင့်စွာ ထမ်းဆောင်နိုင်ရန်အတွက် ၄င်းအစည်းအဝေးအတွင်းတရားဒေသနာများမှ ခွန်အားရရှိကြကြောင်း သတင်းရရှိပါသည်။

## ဖလမ်းမြို့နှစ်ပတ်လည်နိုးကြားခြင်းဓမ္မစည်းဝေးပွဲကျင်းပခြင်း

၂၀၁၆ခုနှစ်၊ မတ်လ၂၆မှ၂၇ရက်အထိ ဟားခါးမြို့နယ်နှစ်ပတ်လည်ဓမ္မစည်းဝေးပွဲကို ဖလမ်းမြို့၌ ကျင်းပခဲ့ကြောင်း။ ယင်းအစည်းအဝေးတွင်အထက်မြန်မာပြည်ဥက္ကဋ္ဌ Pr.ကပ်လျန်ထန်း၊ အတွင်းရေးမှူး Pr. ရိုဇားမား၊ နယ်စီး Pr. ဖွန်ခါး(Phun Khar)၊ မီဇိုရမ်မှ ဆရာLalthlamuana နှင့်အဖွဲ့၊ ရိခေါ ဒါးရ်မြို့နယ် Pr. မှိန်းထန်ဇားဝါတို့နှင့်အတူ ကိုယ်စားလှယ်စုစုပေါင်း ၁၇၀ယောက် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

# အထက်ပိုင်းတိုင်းသာသနာလုပ်ရှားမှုများ

## မိခင်အသင်းတော်သို့ ပြန်လည်ပူးပေါင်းခြင်း

စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်ရှိ တောင်ဖီလာ အသင်းတော်သည် နှစ်ပေါင်း ၁၂နှစ်တိုင်တိုင် မိမိတို့မိခင်အသင်တော်ဖြစ်သည့် ခရစ်တော်ကို မြော်လင့်သောသတ္တမနေ့အသင်းတော်မှ ခွဲထွက်ခဲ့ပါသည်။ သို့သော် ၂၀၁၆ခုနှစ်၊ ဧပြီလ ၂ရက်နေ့တွင် အသင်းသူအသင်းသားများသည် မိမိတို့၏ မိခင်အသင်းတော်သို့ ပြန်လည်ပူးပေါင်းလာကြကြောင်း။ ဥပုသ်နေ့တွင် နှစ်ခြင်းခံပြီးသည့်သူပေါင်း ၈၇ယောက်သည် အသင်းတော်သို့ပြန်လည်လက်ခံခဲ့ကြောင်း။ မိသားစုအနေဖြင့် ၃၃အိမ်ထောင်ရှိကြောင်း။ ပြန်လည်အပ်နှံသည့်အဆောက်အဦးများမှာ ဘုရားကျောင်းနှင့် အဆောင်တစ်ဆောင်၊ စာသင်ကျောင်းနှစ်ထပ်တစ်ဆောင်နှင့် သာသနာသင်းအုပ်ဆရာနေအိမ်တစ်လုံးကို မိခင်အသင်းတော်သို့ ပြန်လည်အပ်နှံခဲ့ကြောင်း သတင်းရရှိပါသည်။

## တမူးမြို့နယ်၊ ကမ္မကြီးရွာဘုရားကျောင်းဆောင်သစ်ဆက်ကပ်ခြင်း

၂၀၁၆ခုနှစ်၊ ဧပြီလ၉ရက်နေ့၌ စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်ရှိ ကမ္မကြီးရွာတွင် ဘုရားကျောင်းဆောင်သစ်တစ်ဆောင်ကို ဆက်ကပ်ခဲ့ကြောင်း။ ထိုဘုရားကျောင်းဆက်ကပ်ပွဲကို အထက်မြန်မာပြည် ဥက္ကဋ္ဌ Pr. ကပ်လျန်းထန်းနှင့် အတွင်းရေးမှူး Pr. ရှိဇားမာတို့တက်ရောက်ခဲ့ကြောင်း။ ယင်းဘုရား ကျောင်းဖြစ်လာရန် SSD, Union, UMM နှင့် အသင်းသားအချို့က ငွေကြေးအားဖြင့် လှူဒါန်းခဲ့ကြ ကြောင်း၊ အဆောက်အဦးမှာ အလျား၂၂ပေ၊ အနံ၁၆ပေ၊ အမြင့် ၁၅ပေ၊ ၂ထပ်ဖြစ်ကြောင်း၊ ဘုရားကျောင်းဆက်ကပ်ပွဲသို့ လူပေါင်း၁၅၀ခန့်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

## မင်းလှကျေးရွာဘုရားကျောင်းဆက်ကပ်ပွဲနှင့် လူငယ်များ၏ နှစ်ပတ်လည်ဓမ္မစည်းဝေးပွဲကျင်းပခြင်း

၂၀၁၆ခုနှစ်၊ ဧပြီလ ၂၄ရက်နေ့၌ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ မင်းလှကျေးရွာတွင် ဘုရားကျောင်းဆောင်အသစ်ကို ဘုရားသခင်ထံဆက်ကပ်ခဲ့ကြောင်း။ ဆက်လက်၍ LAB-AY(Adventist Youth Federation) နှစ်ပတ်လည်ဓမ္မစည်းဝေးပွဲကိုလည်းကျင်းပခဲ့ကြောင်း။ ယင်းဆက်ကပ်ပွဲနှင့် အစည်းအဝေးပွဲသို့ အထက်မြန်မာပြည်အတွင်းရေးမှူး Pr. ရှိဇားမားနှင့် အထက်မြန်မာပြည်လူငယ်ဌာနညွှန်ကြားရေးမှူးဆရာကြီးဆွမ်ခင်ဂိုးနှင့်အတူနယ်မှ ဆရာသမားများနှင့် အသင်းသူအသင်းသားပေါင်း ၃၀၀ခန့်တက်ရောက်ခဲ့ကြကြောင်း။ ယင်းအဆောက်အဦးမှာ အလျား၅၀ပေ၊ အနံ၂၅ပေ၊ အမြင့်၃၀ပေဖြစ်ကြောင်း။ ထိုအဆောက်အဦးဖြစ်မြောက်ရေးအတွက် SSD, Union, UMM နှင့် အသင်းသူအသင်းသားများနှင့် အမှုတော်ဆောင်များက ပါဝင်လှူဒါန်းကြကြောင်း သတင်းရရှိပါသည်။



# မြန်မာယူနီယံဌာနဆိုင်ရာလှုပ်ရှားမှုများ
## (ကလေးနှင့်မိသားစုဌာန)

## ကလေးများသာသနာအတွက်ခေါင်းဆောင်သင်တန်း




ကလေး/မိသားစုသာသနာဌာနမှကြီးမှူးကျင်းပသော Children Ministries Leadership Certification Level 2,3 သင်တန်းကို ၂၀၁၆ခုနှစ်၊ မေလ ၃၀ရက်နေ့မှဇွန်လ၁ရက်နေ့အထိ အမှတ်၆၈၊ ဦးဝိစာရလမ်းရှိ ခရစ်တော်ကို မြော်လင့်သော သတ္တမနေ့အသင်းတော်တွင် ကျင်းပခဲ့ကြောင်း။ အဆိုပါသင်တန်းဖွင့်ပွဲတွင် SSD မှ ဥက္ကဋ္ဌကြီး Pr. Samuel Paul မှ တရားဒေသနာ ဟောကြားဝေငှခဲ့ပါသည်။ တရားဒေသနာဟောကြားရာတွင် ရောမ၊ ၁၂း၂ ကိုအခြေခံပြီး လောကီပုံသဏ္ဌာန်မဆောင်ကြရန်၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာ၊ ဘုရားသခင် အလိုရှိသောအရာအားဖြင့် ပြောင်းလဲကြပြီး ခေါင်းဆောင်ကောင်းများဖြစ်ရန် တိုက်တွန်းအားပေး ခဲ့ကြောင်း။

ထိုသင်တန်းတွင် ဧည့်သည်ဆရာမကြီး Orathai Chureson(SSD)၊ ဆရာမဒေါ် ချိုချိုပေါလ်(ရန်ကုန်)၊ ဆရာမဒေါ်ရင်ရင်(မော်လမြိုင်)၊ ဆရာမဥမ္မာစန်(ပြင်ဦးလွင်)၊ ဆရာမဒေါ်ရှီအဲန်နာ(ပုသိမ်)၊ ဆရာမဒေါ်ဂျွန်နော(တောင်ငူ)၊ ဆရာမဒေါ်ဆောင်းဝေဝေ (မြောက်ဒဂုံ) တို့က သင်တန်းပေးခဲ့ကြောင်း။ တက်ရောက်သူပေါင်းမှာ ၆၅ယောက်ဖြစ်ကြောင်း။

အဆိုပါသင်တန်းမှကလေးများ သာသနာပြုရန်လိုအပ်ချက်များ၊ မည်သို့ခေါင်းဆောင်မှုပေးရမည့်အကြောင်း၊ ကလေးများအနာဂတ်ကြီးထွားမှုအတွက်အပြင်၊ ကလေးများကို ခရစ်တော်ခြေတော်ရင်းသို့ ပို့ဆောင်ခြင်းစသည့်အကြောင်းအရာများကို သင်ကြားပို့ချပေးကြောင်း၊ ကလေးများနှင့်ပတ်သတ်သည့်လုပ်ဆောင်ချက်များကို သင်ကြားပေးကာ ကလေးများအားဖြင့် ဘုရားသခင်၏အမှုတော်မြတ်တိုးတက်ပြီး၊ ကလေးများအားဖြင့် ဝိညာဉ်များကို ရိတ်သိမ်းနိုင်စေရန် ရည်ရွယ်သောသင်တန်းဖြစ်ကြောင်း သတင်းရရှိပါသည်။





SSD ကလေးသာသနာဌာနမှကြီးမှူးကျင်းပသော Adviosry တွင် GC, SSD နှင့် Union မှ ညွှန်ကြားရေးမှူးများ



# အရှေ့တောင်တိုင်းသာသနာလှုပ်ရှားမှုများ

## အမျိုးသမီးခေါင်းဆောင်သင်တန်းအဆင့်(၁)





အချိန်။ ။ မေလ ၂-၃ရက်၊ ၂၀၁၆။
နေရာ။ ။ ဘားအံမြို့၊ အရှေ့တောင်တိုင်း။
တက်ရောက်သူ။ ။ အမျိုးသမီး ၄၀ဦး။

## ကလေးများခေါင်းဆောင်မှုသင်တန်းအမှတ်စဉ်(၁)





အချိန်။ ။ မေလ ၄-၅ရက်၊ ၂၀၁၆။
နေရာ။ ။ ဘားအံမြို့၊ အရှေ့တောင်တိုင်း။
တက်ရောက်သူ။ ။ အမျိုးသမီး ၅၀ဦး။

## နိုးကြားခြင်းနှင့်နွေရာသီကျမ်းစာသင်တန်း

ကရင်ပြည်နယ်မြောက်ပိုင်း၊ သံတောင်ကြီးမြို့နယ်တွင်းရှိ မြသာကုန်းကျေးရွာတွင် လူငယ်နိုးကြားခြင်းနှင့် နွေရာသီကျမ်းစာသင်တန်းကို ၅ရက်တိုင်ကျင်းပခဲ့ကြောင်း၊ ၎င်းအစီအစဉ်တွင် လူငယ်များနှင့် ကလေးများတက်ကြွစွာပါဝင်ကြကြောင်း၊ လာမည့်အချိန်တွင် ထပ်မံ၍ ကျင်းပပေးရန် တောင်းဆိုကြကြောင်း၊ သင်တန်းအချိန်တွင်းမှာပင် ရေနှစ်ခြင်းတစ်ဦးခံယူခဲ့ပြီး လာမည့်အချိန်တွင် ထပ်မံ၍ နှစ်ခြင်းခံယူသူများရှိပါသဖြင့် ဆုတောင်းခြင်းဖြင့် သတိရစေလိုကြောင်း သတင်းရရှိပါသည်။

## ထလော့၊ လင်းလော့

အလယ်ပိုင်းတိုင်း၊ မင်းတပ်နယ်၌ရှိကြသော ယုံကြည်သူများဝိညာဉ်ရေးနိုးကြားမှုရှိရန် “ထလော့၊လင်းလော့” ဆောင်ပုဒ်ဖြင့် ၂၀၁၆ခုနှစ်၊ ဧပြီလ ၁-၉ရက်အထိ မင်းတပ်မြို့တွင် Pr.အောင်ဝင်းရွှေမှ ဦးဆောင်ခဲ့ကြောင်း၊ ၎င်းအစီအစဉ်တွင် မီဇိုးပြည်နယ်အိုင်ဇောမြို့မှ ဆရာ Zosiamliana နှင့် ဆရာ Mawia တို့ရောက်ရှိလာပြီး ဦးဆောင်ပေးခဲ့ကြောင်း၊ ယုံကြည်သူ ၁၇၀ဦးတက်ရောက်ပြီးစခန်းသွင်း၊ ထမင်းကျွေးကာ သင်တန်းနှင့် တရားပွဲကျင်းပခဲ့ကြောင်း၊ ၎င်းသင်တန်းတွင် ခရစ်တော်ကြွလာရန်နီးကပ်ပြီဖြစ်ကြောင်း ဝိညာဉ်တော်စာပေမှ အထောက်အထားအားဖြင့် သင်ကြားပေးခြင်း၊ ဘုရားသခင်မနှစ်သက်သော အစားအစာများကို ရှောင်ကြရန်၊ အသားများကိုစားခြင်းဖြင့် ကျန်းမာရေးထိခိုက်ရုံသာမက ဝိညာဉ်ရေးပါထိခိုက်ကြောင်း၊ ၎င်းပြင် ကောင်းကင်သစ်နှင့် မြေကြီးသစ်အကြောင်းကို သင်ကြားပေးရာ၌ ပရိသတ်များ၏ စိတ်ကိုဆွဲဆောင်မှုရှိခဲ့ကြောင်း၊ ပူပြင်းသောရာသီဥတုအချိန်ဖြစ်သော်လည်း ပရိသတ်များမှာ မညည်းမညူ မအိပ်ငိုက်ဘဲ စိတ်ဝင်စားစွာနားထောင်ကြကြောင်း နှင့် အစီအစဉ်ဖြစ်မြောက်ရန် ပါဝင်ကူညီခဲ့ကြကြောင်း Pr.အောင်ဝင်းရွှေမှ သတင်းပေးပို့ပါသည်။

## အသင်းသားတိုင်းပါဝင်အမှုတော်တွင်

၂၀၁၆ခုနှစ်၊ ဇွန်လ ၂၀ရက်နေ့တွင် အသင်းတော်၏ဆောင်ပုဒ်အတိုင်း အသင်းသားတိုင်း အမှုတော်တွင်ပါဝင်နိုင်ရန် မြန်မာယူနီယံမှ Pr.ခင်မောင်လတ်နှင့် Pr.ခလောဒီးရက်စ်ဦးဆောင်၍ အလယ်ပိုင်းတိုင်း ခေါင်းဆောင်များနှင့်အတူ ဌါနဆိုင်ရာညွှန်ကြားရေးမှူးများပါဝင်ပြီး ကျောက်တိုင်နယ်၊ ကျောက်တိုင်အသင်းတော်တွင် ကျင်းပခဲ့ကြောင်း၊ ၎င်းသင်တန်းနှင့်ဆွေးနွေးပွဲများတွင် ဆရာ၊ ဆရာမများနှင့် အသင်းသူ/သား ၈၀ဦးတက်ရောက်ခဲ့ပြီး မိမိတို့၏ အသင်းတော်အလိုက် အားနည်းချက်၊ အားသာချက်ကို ဆွေးနွေးခဲ့ပြီး လာမည့်အချိန်၌ အသင်းသားတိုင်းအမှုတော်တွင် ပါဝင်နိုင်ရန်နှင့် သာသနာလုပ်ငန်း ပို၍ အောင်မြင်ရန် ဘယ်ကဲ့သို့လုပ်ဆောင်ကြမည်ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ကလေးနှင့်မိသားစုဌာနလှုပ်ရှားမှုမှတ်တမ်း

၁။ ခရစ်ယာန်အိမ်ထောင်နှင့်ထိမ်းမြားခြင်းဆိုင်ရာအထူးနေ့အစီအစဉ်
ဇန်နဝါရီ ၃၀၊ ၂၀၁၆ (သာယာဝတီအသင်းတော်)
ဖေဖော်ဝါရီ ၁၃၊ ၂၀၁၆ (တွံတေးအသင်းတော်)
ဖေဖော်ဝါရီ ၂၀၊ ၂၀၁၆ (ရန်ကုန်ဗဟိုအသင်းတော်)
ဖေဖော်ဝါရီ ၂၇၊ ၂၀၁၆ (ကံဘဲ့အသင်းတော်)
မတ်လ ၅၊ ၂၀၁၆ (မှော်ဘီအသင်းတော်)

၂။ မတ်၂၁-၂၂။ ၂၀၁၆ ကလေးများခေါင်းဆောင်မှု သင်တန်းအမှတ်စဉ် (၁) (တောင်ငူ၊အလယ်ပိုင်းတိုင်း)
မတ်၂၃-၂၄၊ ၂၀၁၆ အမျိုးသမီးနှင့်မိသားစုသင်တန်း (တောင်ငူ၊ အလယ်ပိုင်းတိုင်း)
မတ် ၃၀- ဧပြီ ၂၊ ၂၀၁၆ ကလေးနှင့်မိသားစုသင်တန်း (ဟုမ္မလင်း၊ အထက်ပိုင်းတိုင်း)
မေ ၅-၇၊ ၂၀၁၆ ကလေးများခေါင်းဆောင်မှုသင်တန်း အမှတ်စဉ်(၁)(ကျောက်တော်၊ရန်ကုန်တိုင်း)
မေ ၉-၁၁၊ ၂၀၁၆ ကလေးများခေါင်းဆောင်မှုသင်တန်း အမှတ်စဉ်(၁)(မဲလမောင်း၊ရန်ကုန်တိုင်း)
မေ ၂၆-၂၇၊ ၂၀၁၆ ကလေးများခေါင်းဆောင်မှုသင်တန်း အမှတ်စဉ်(၁)(ပြင်ဦးလွင်၊အထက်ပိုင်းတိုင်း)





## နွေရာသီ VBS သင်တန်း



# မြန်မာယူနီယံဌာနဆိုင်ရာလှုပ်ရှားမှုများ
## (သာသနာဆက်သွယ်ရေးဌာန)

## အာရှ–ပစိဖိတ်ဒေသအေဒဗလျူအာရ်အစည်းအဝေး




အာရှ-ပစိဖိတ်ဒေသ အေဒဗလျူအာရ်အစည်းအဝေးကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၁၆ရက်မှ ၁၈ရက်ထိ၊ ဘန်ကောက် မြော်လင့်ခြင်းဆေးရုံ (Bangkok Adventist Hospital)တွင် ကျင်းပခဲ့ ပါသည်။ မြန်မာပြည်မှ AWR Director Pr.ရှိုင်းသာဒွေးနှင့် အတူ ကြီးကြပ်ရေးမှူးဆရာစောကပေါ်မှူးမှတက်ရောက်ခဲ့ပါသည်။ ၎င်းအစည်းအဝေးတွင် AWR မြန်မာမှ AWARD FOR EXCELLENCE IN PROGRAMMING ဆုချီးမြှင့်ခြင်းခံခဲ့ရကြောင်းသတင်းရရှိပါသည်။






## တောင်ငူမြို့တွင်ကျင်းပခဲ့သော အမျိုးသမီးနှင့်မိသားစုသင်တန်း





အမျိုးသမီးနှင့် မိသားစုသင်တန်းကို အလယ်ပိုင်းတိုင်းဌါနချုပ်ရှိ တောင်ငူမြို့တွင် ၂၀၁၆ခုနှစ်၊ မတ်လ ၂၃-၂၄ရက်အထိ၊ ဆရာမဒေါ်ဂျွန်းနေဘဦးဆောင်၍ မြန်မာယူနီယံမှ Pr.ရှိုင်းသာ၊ ဆရာမကြီးဒေါ်စိုဟီးလာရှိုင်း၊ ဆရာမကြီးဒေါ်ချိုချိုပေါလ်တို့မှ သင်တန်းပို့ချခဲ့ကြောင်း၊ ထိုနှစ်ရက်တာသင်တန်းတွင်အမှုတော်ဆောင်နှင့်ဇနီး၊ အသင်းလူကြီးနှင့်ဇနီး၊ စုစုပေါင်း ၆၀ဦးတက်ရောက်ခဲ့ကြောင်းသတင်းရရှိပါသည်။

## ကလေးများခေါင်းဆောင်မှုဆိုင်ရာသင်တန်းအမှတ်စဉ်(၁)





ကလေးများခေါင်းဆောင်မှုဆိုင်ရာသင်တန်းအမှတ်စဉ်(၁)ကို အလယ်ပိုင်းတိုင်းဌါနချုပ်ရှိ တောင်ငူမြို့တွင် ၂၀၁၆ခုနှစ်၊ မတ်လ ၂၁-၂၂ရက်အထိ ဆရာမဒေါ်ဂျွန်းနေဘဦးဆောင်၍ မြန်မာယူနီယံညွှန်ကြားရေးမှူးဆရာမကြီးဒေါ်ချိုချိုပေါလ်၊ အလယ်ပိုင်းတိုင်းမှ ဆရာမကြီးဒေါ်မူးကပေါမှ သင်တန်းပို့ချခဲ့ကြောင်း၊ သင်တန်းသူ ၃၁ဦးတက်ရောက်ခဲ့ပြီး အောင်လက်မှတ်များကို ဆရာမကြီးဒေါ်ချိုချိုပေါလ်မှ ချီးမြှင့်ခဲ့ပြီး ဆရာမကြီးဒေါ်မူးကပေါမှ ဆက်ကပ်ဆုတောင်းခဲ့ကြောင်းသတင်းရရှိပါသည်။

# “ကယားပြည်နယ်ဒီမောဆိုမြို့နယ်သို့ကျန်းမာရေးပညာပေးဟောပြောပွဲ”





ခရစ်တော်၏ နည်းစနစ်နှင့် ပုရောဖက်မ၏ သွန်သင်အကြံပြုချက်များကို လက်ခံလျက် အလယ်ပိုင်းတိုင်း ကျန်းမာရေးဌာနမှ ဦးဆောင်၍ ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်ရှိ ကျေးရွာအုပ်စု ၂နေရာ၌ ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် ကုသခြင်း၊ အကြံပေးခြင်းတို့ကို မတ်လ ၁၃-၁၈ရက်အထိ ပြုလုပ်ကျင်းပခဲ့ပါသည်။

၎င်းအစီအစဉ်တွင် အလယ်ပိုင်းတိုင်း ဥက္ကဋ္ဌဟောင်း Pr.ကင်မ်ထန်း၊ ကနေဒါမှ အလှူရှင်သာမန်အသင်းသား Mr.Ivan Lust နှင့် ဇနီး Bonnie Lust ၊ ရန်ကုန်မှ ဆရာမနှစ်ဦးအပါအဝင်၊ မြန်မာပြည်အလယ်ပိုင်းတိုင်းနယ် အသီးသီးမှ ဆရာ/မ ၂၀ဦးပါဝင်ခဲ့ကြောင်း။

မတ်လ ၁၃-၁၅ရက်အထိ ကိုဒေါတဝီကျေးရွာတွင်လည်းကောင်း၊ မတ်လ ၁၆-၁၈ရက်အထိ၊ ပန်ပက်ကျေးရွာတွင်လည်းကောင်း ဆေးစစ်ခြင်း၊ ကုသခြင်း၊ နှိပ်နယ်ခြင်း၊ ရေကုထုံးဖြင့်ကုသခြင်း ပြုလုပ်ပေးကြောင်း၊ ရွာသူရွာသား ၅၀၀ခန့်လာရောက်ကြကြောင်း၊ ညပိုင်းအစီအစဉ်တွင် Pr.ကင်မ်ထန်းမှ ဦးဆောင်၍ လူငယ်များဂုဏ်တော်ချီးမွမ်းခြင်းနှင့် ကျန်းမာရေးသတင်းစကားကို Pr.ဟေရှာယမှဟောပြောခဲ့ကြောင်း၊ ဤအစီအစဉ်အားဖြင့် ကယန်းလူမျိုးစုကြား၌ ဧဝံဂေလိတရားဖြန့်ဝေနိုင်ရန် လမ်းဖွင့်ပေးခြင်းဖြစ်ကြောင်း၊ ဤအစီအစဉ်ဖြစ်မြောက်ရန် အလှူရှင်နှင့် ဆက်သွယ်ပေးသော Pr.Kem Thang ၊ အလှူရှင် Mr. and Mrs.Ivan Lust၊ နယ်စီးသင်းအုပ်ဆရာနှင့် ပါဝင်ဆက်ကပ်ခဲ့ကြသော ဆရာ/မများ၊ အသင်းသူ/သားများ၊ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း သတင်းရရှိပါသည်။

## အေးသာယာ Cottage Meeting

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၂၂-၃၁ရက်အထိ၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ် အေးသာယာမြို့တွင် Pr.လှကွန်းမှ ဦးဆောင်၍ ဆရာအောင်ဇော်မင်း၊ ဆရာအောင်ဝင်း၊ ဆရာဟန်ရွှေအောင်နှင့် ဆရာမနွယ်နီစန်းတို့ပါဝင်ပြီး ရက်တိုတရားပွဲကို ကျင်းပခဲ့ကြောင်း၊ ထိုတရားပွဲ၌ ညစဉ် ကျန်းမာခြင်းသတင်းစကား၊ တရားဒေသနာနှင့် ကျမ်းစာဆွေးနွေးခြင်းများပြုလုပ်ပြီး နေ့လည်ပိုင်းတွင် ဗျာဒိတ်ကျမ်းကို လေ့လာကြကြောင်း၊ အထူးအစီအစဉ်အဖြစ် ဥပုသ်နေ့ နေ့လည်ပိုင်းတွင် သားရဲတံဆိပ်နှင့်ပတ်သတ်၍ သိလိုရာများကို ဆွေးနွေးမေးမြန်းခဲ့ကြောင်း၊ ဇန်နဝါရီလ၏ အအေးဒဏ်ကိုမမှုဘဲ ညစဉ်စိတ်ဝင်စားသူများတက်ရောက်ကြကြောင်း၊ တရားပွဲအဆုံး၌ ဝိညာဉ်တစ်လုံးရိတ်သိမ်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။



# AWR အေဒဗလျူအာရ်အထူးနေ့ခရီး




နှစ်စဉ် မတ်လ ဒုတိယပတ်တွင် AWR (Adventist World Radio) အထူးနေ့ဖြစ်သောကြောင့် AWR မြန်မာမြော်လင့်ခြင်းအဖွဲ့သူ/သား အနေဖြင့် မတ်လ ၁၂ရက်(ဥပုသ်နေ့)တွင် Pr. ရှိုင်းသာက ရန်ကုန်ဗဟိုအသင်းတော်တွင်၎င်း၊ ဆရာဗစ်တာသန်းက မြောင်းမြကျမ်းစာကျောင်းတွင်၎င်း၊ ဆရာစောကပေါ်မှူးက ဖဒိုအသင်းတော်တွင်၎င်း၊ ဆရာမလှလှမြင့်နှင့် ဆရာမကျင်လန်းမန်းက ဘားအံမြို့နယ်၊ ဘုရားကုန်း(ငြိမ်းချမ်းရေး)ရွာတွင်၎င်း၊ ဆရာမချစ်နှင်းရည်ရွှေက ဘားအံမြို့နယ်၊ ရွှေနတ်ကျွန်းအသင်းတော်တွင်၎င်း၊ အသီးသီးသွားရောက်ကာ Radio Promotion ပြုလုပ်ပြီး ဝိညာဉ်ခွန်အားရရှိစေရန် အားပေးစကားများပြောကြားကြကြောင်း သတင်းရရှိပါသည်။

## မဲဆောက်ရှိ AWR FM ခရီးစဉ်




၂၀၁၆ခုနှစ်၊ ဇွန်လ ၁၃-၁၄ရက်အထိ၊ AWR ညွှန်ကြားရေးမှူးဦးရှိုင်းသာ၊ စကောကရင်ဘာသာတာဝန်ခံ ဦးဗစ်တာသန်း ၊ စတူဒီယိုတာဝန်ခံ စောကပေါ်မှူးတို့မှ ဦးဆောင်၍ မဲဆောက်ရှိ AWR FM အသံလွှင့်ရှိရာသို့သွားရောက်ခဲ့ပြီး တာဝန်ခံဦးကလူစဲနှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍လာမည့်အချိန်၌ ပို၍အသံသွင်းလုပ်ငန်းများလုပ်ဆောင်ရန်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

## AWR ရေဒီယိုသောတရှင်များထံအလည်သွားခြင်း

၂၀၁၆ခုနှစ်၊ မတ်လ ၁၁ရက်နေ့တွင် AWR မြန်မာမြော်လင့်ခြင်းအသံဌာနမှ ဆရာမလှလှမြင့်၊ ဆရာမကျင်လန်းမန်း၊ ဆရာမချစ်နှင်းရည်ရွှေတို့သည် မော်လမြိုင်မြို့ဆေးရုံဝင်းအတွင်းရှိ အသက်၈၀နှစ်ရှိပြီဖြစ်သော အဖိုးဦးကျော်စိန်ထံသို့၄င်း၊ မော်လမြိုင်မြို့အရေးပိုင်ကုန်းတွင်နေသော အသက်၈၂နှစ်ရှိပြီဖြစ်သော အဖိုးဦးဘသန်းအိမ်သို့၄င်း သွားရောက်လည်ပတ်ခဲ့ကြောင်း။



အဆိုပါသောတရှင်နှစ်ဦးအနက် မော်လမြိုင်ခရစ်ယာန်ဆေးရုံဝင်းအတွင်းနေထိုင်သူ အဖိုးဦးကျော်စိန်သည် AWR မြန်မာမြော်လင့်ခြင်းအစီအစဉ်ကို ၁၉၉၂ခုနှစ်မှစ၍ နားထောင်ခဲ့ကြောင်း၊ ယခုထက်တိုင်နားထောင်လျက်ရှိရာမှထုတ်လွှင့်သော တရားဒေသနာများအားဖြင့် နေ့စဉ်ခွန်အားယူနားသောတဆင်လျက်ရှိကြောင်း ပြောခဲ့ပါသည်။ အဖိုးဦးဘသန်းသည် မွန်အမျိုးသားဖြစ်ပြီး မွန်ဘာသာအစီအစဉ်နှင့် AWR မြန်မာဘာသာအစီအစဉ်ကို နေ့စဉ်နားသောတဆင်လျက်ရှိကြောင်း၊ ကျန်းမာခြင်းကဏ္ဍအစီအစဉ်များကို နားသောတဆင်သိရှိရခြင်းဖြင့် ကျန်းမာစွာနေထိုင်စားသောက်တတ်သောကြောင့် ကျန်းမာသန်စွမ်းလျက်ပင်ရှိကြောင်း တရားဒေသနာများအားဖြင့်လည်း ခွန်အားရရှိကြောင်း ပြောပြပါသည်။



ထို့အပြင် ၂၀၁၆ခုနှစ်၊ မတ်လ ၂၂ရက်နေ့တွင်လည်း ဒိုက်ဦးမြို့နယ်၊ တောင်သာရွှေကြို့ပင်ရွာရှိသောတရှင်ဦးစိန်ကျောက်လုံးထံသို့ အလည်သွားရောက်ခဲ့ကြောင်း၊ ဦးစိန်ကျောက်လုံးနှင့် သမီးသည် AWR မြန်မာမြော်လင့်ခြင်းအသံလွှင့်အစီအစဉ်များကို နေ့စဉ်နားထောင်ကြောင်း၊ ဝိညာဉ်ခွန်အားလည်းရရှိသည်ကို ပြောပြခဲ့ကြောင်း သတင်းရရှိပါသည်။



# အလယ်ပိုင်းတိုင်းသာသနာလှုပ်ရှားမှုများ

## ပေါက်ခေါင်းမြို့ဗျာဒိတ်သင်တန်း





၂၀၁၆ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁-၈ရက်အထိ၊ ဗျာဒိတ်သင်တန်းကို အလယ်ပိုင်းတိုင်း၊ ပေါက်ခေါင်းမြို့တွင် ကျင်းပခဲ့ကြောင်း၊ ၄င်းသင်တန်းကို ဆရာကြီးဦးဟေရှာယမှ ဦးဆောင်ပြီး ဆရာလေးကပေါ၊ ဆရာကျော်ဝင်း၊ ဆရာမခင်မျိုးမြင့်၊ ဆရာကျော်မင်းထိုက်နှင့် Pr.ကီးအွမ်တို့မှ ပါဝင်ကူညီခဲ့ကြောင်း၊ ၄င်းသင်တန်းတွင် အခြားအသင်းတော်ဂိုဏ်းဂဏအသီးသီးမှ သင်းအုပ်ဆရာများ၊ ဧဝံဂေလိဆရာ၊ သာသနာပြုဆရာများနှင့် ယုံကြည်သူများတက်ရောက်ကြကြောင်း၊ ၄င်းသင်တန်းမှ ဗျာဒိတ်ကျမ်းမှ ဖေါ်ပြသောအသင်းတော်ရာဇဝင်နှင့် ပညတ်တော်ပြောင်းလဲခဲ့ပုံကို သိရှိရပြီး သင်တန်းအဆုံး၌ ဝိညာဉ်တစ်လုံးရိတ်သိမ်းခဲ့ရကြောင်း သတင်းရရှိပါသည်။

## ကယန်းဘာသာဖြင့်အသံသွင်းခြင်း

AWR အသံလွှင့်ဌါနမှ ထပ်မံ၍ အသစ်ထုတ်လွှင့်မည့်အစီအစဉ်တွင် ကယားဘာသာလည်း တစ်ခုအပါ အဝင်ဖြစ်ပါသည်။ သို့ပါ၍ ကယားလူမျိုးစုထဲမှတစ်မျိုးဖြစ်သော ကယန်းဘာသာ စကားဖြင့် အသံသွင်းတည်ရှိရာ တောင်ငူမြို့၊ အလယ်ပိုင်းတိုင်းဌါနချုပ်တွင် ဖေဖေါ်ဝါရီလ ၁၇မှ ၂၂ရက်ထိ အသံသွင်းနေပြီဖြစ်ကြောင်း၊ မကြာခင် ကယန်းဘာသာစကားဖြင့် အသံလွှင့်နိုင်ရန် ဆုတောင်းပေးပါရန် တောင်းဆိုကြောင်း သတင်းရရှိပါသည်။

## ကျိုင်းတုံမြို့ဗျာဒိတ်ကျမ်းသင်တန်း

၂၀၁၆ခုနှစ်၊ ဧပြီလ ၁၀မှ ၂၀ရက်အထိ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းကျိုင်းတုံမြို့တွင် သင်းအုပ်ဆရာချစ်သက်ဦးမှ ဦးဆောင်၍ ဆရာကြီးဦးလှိုင်စိုး၊ ဆရာကြီးဦးခင်မောင်တင်၊ ဆရာကြီးဦးကျော်ကျော်သိန်းနှင့်အတူ နယ်ခံဆရာများဖြစ်ကြသော ဆရာဦးဟေးလပ်၊ ဆရာအောင်ကျော်ဇော၊ ဆရာမဆုကြည်ရွှေ၊ ဆရာမရီရီထွေးတို့နှင့် ဗျာဒိတ်ကျမ်းသင်တန်းကို အောင်မြင်စွာကျင်းပခဲ့ကြောင်း၊ ညစဉ်သင်တန်း၌ တက်ရောက်သူများမှာ ၅၀မှ ၆၀ယောက်ထိရှိပြီး၊ တက်ရောက်သူများလွန်စွာစိတ်ဝင်စားမှုရှိကြောင်း၊ သင်တန်းအပြီးတွင် ဝိညာဉ်(၂)လုံးရိတ်သိမ်းနိုင်ခဲ့ကြောင်းနှင့်လာမည့်အချိန်တွင် ပို၍ဝိညာဉ်များရိတ်သိမ်းနိုင်လိမ့်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

အသင်းတော်တိုးတက်အောင်မြင်ရေးရှေးရှုကာ သင်တန်းများပြုလုပ်ခဲ့ကြောင်း၊ စုပေါင်းဝတ်ပြုခြင်း အစီအစဉ်အပြီးတွင် နယ်သာသနာပိုင် Pr.စိုးစိုးဦးမှ ရေနှစ်ခြင်းမင်္ဂလာကို ဦးဆောင်ကာ ဝိညာဉ် ၅လုံး ရိတ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## "အသင်းသားတိုင်းပါဝင် မအူပင်"

ဧရာဝတီတိုင်းသာသနာနယ်အတွင်းအကျယ်ဝန်းဆုံးသောနယ်မှာ မအူပင်နယ်ဖြစ်ပြီး ပန်းတနော်၊ ညောင်တုန်း၊ ဝါးခယ်မ၊ ကျိုက်လတ်၊ မအူပင်၊ မော်ကျွန်း စသည့်မြို့နယ်များဖြင့် ပေါင်းစပ်ထားပြီး အသင်းတော်များမှာ အစုကြီး၊ စာဖြူဝဲ၊ ကဇင်းငူ၊ ပေါက်ကုန်း၊ ဇီးဖြူကျွန်း၊ မြဂိုးကြီး၊ ကျုံပေါက်၊ ရွှေတချောင်း နှင့် ကျွန်းထိပ်အသင်းတော်တို့ ဖြစ်ပါသည်။ မအူပင်မြို့ကို ဗဟိုပြုကာ၊ နယ်သာသနာပိုင် Pr.ဟန်စိန်မှ ဦးဆောင်ပြီး သာသနာလုပ်ငန်းကို လုပ်ဆောင်လျက်ရှိပါသည်။

၂၀၁၆ခုနှစ်၊ ဧပြီလအတွင်း ဧရာဝတီတိုင်းသာသနာအဖွဲ့ချုပ်မှ သာသနာပိုင် Pr.စက်စန်အမှူးပြုကာ မအူပင်နယ်အတွင်းရှိ အသင်းသူ/သားများအတွက် "အသင်းသားတိုင်းပါဝင်အမှုတော်တွင်" အစီအစဉ်တစ်ရပ်ကို မြဂိုးကြီးအသင်းတော်တွင် ကျင်းပခဲ့ပြီး အသင်းတော်အသီးသီးမှ ကိုယ်စားလှယ်များ စိတ်ဝင်စားစွာပါဝင်ခဲ့ကြကြောင်း၊ ယခုအချိန်၌ မြဂိုးကြီးအသင်းတော်အနေဖြင့် အသင်းသားများ တိုးပွားလာမှုကြောင့် ဗိမ္မာန်တော်အသစ်ကို ကိုယ်ထူကိုယ်ထဆောက်လုပ်နေရသဖြင့် အပြီးသတ်နိုင်ရန် အလှူတော်ငွေလိုအပ်နေဆဲဖြစ်သောကြောင့် မေတ္တာဖြင့်ပါဝင်လိုသော အလှူရှင်များအား ဖိတ်ခေါ်ထားကြောင်း သတင်းရရှိပါသည်။

## "ဧရာဝတီတိုင်းသတ္တမနေ့အသင်းတော်အစ၊ ဟင်္သာတ"

ဧရာဝတီတိုင်း၊ သတ္တမနေ့အသင်းတော်အစပြုရာ ဟင်္သာတနယ်သည် အသင်းတော်ကြီးတိုးတက်အောင်မြင်မှုအတွက် အရေးပါလှသောနယ်တစ်နယ်ဖြစ်ပါသည်။ ဟင်္သာတနယ်သည် ဧရာဝတီတိုင်း၏ မြောက်ဖက်ဖျားတွင်တည်ရှိပြီး ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်၊ ဟင်္သာတနှင့် ဓနုဖြူမြို့နယ်များပါဝင်ကာ ကျယ်ပြန့်သောနယ်တစ်နယ်ဖြစ်သည်။ အသင်းတော်အနေဖြင့် ထူးကြီး၊ အစယ်၊ လက်ပံကုန်း၊ ကော်ကုန်း၊ ရေနံတောင်၊ ယုံသလင်း၊ ကံကုန်း စသည့်တို့ပါဝင်ပြီး အစယ်အသင်းတော်သည် ဧရာဝတီတိုင်း၏ သက်တမ်းအရင့်ဆုံးအသင်းတော်များထဲတွင် အပါအဝင်ဖြစ်သည်။ အသင်းတော်၏ ရှေးဦးသာသနာပြုများဖြစ်ကြသော ဦးသာမြိုင်၊ ဦးဖိုးလွင်၊ ဦးမြတ်ဖိုးတို့သည် အစယ်အသင်းတော်မှ ရှေးဦးသာသနာပြုများဖြစ်ကြသည်။ အဆိုပါရှေးဦးသာသနာပြုများ၏ အမှတ်တရအဖြစ် အစယ်အသင်းတော်တွင် "မြတ်လွင်မြိုင်" ဗိမ္မာန်တော်တစ်ဆောင်ကို ဆောက်လုပ်နိုင်ခဲ့ပါသည်။

၂၀၁၆ခုနှစ်၊ မေလအတွင်း နယ်သာသနာပိုင် Pr.မိုးဝင်းမှ ဦးဆောင်ပြီး ဟင်္သာတနယ်စုပေါင်းဝတ်ပြုကိုးကွယ်ခြင်းနှင့် အသင်းသားတိုင်းပါဝင်အမှုတော်တွင် အစီအစဉ်တစ်ရပ်ကို အစယ်အသင်းတော်တွင် ကျင်းပခဲ့ကြောင်း၊ ၄င်းအစီအစဉ်တွင် ဧရာဝတီတိုင်း၌ါနချုပ်မှ သာသနာပိုင် Pr.စက်စန်မှ ဦးဆောင်ကာ အစီအစဉ်များကို ပြုလုပ်ခဲ့ကြောင်း၊ အစီအစဉ်အပြီးတွင် နယ်သာသနာပိုင် Pr.မိုးဝင်းမှ အသင်းဝင်သစ် ၃ဦးကို ရေနှစ်ခြင်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## မျှော်လင့်ခြင်းအသံသွင်း စတူဒီယို (ARS) အခန်းနှင့် တူရိယာပစ္စည်းဆက်ကပ်ခြင်း




၂၀၁၆ခုနှစ်၊ ဇွန်လ ၃၁ရက်နေ့တွင် မျှော်လင့်ခြင်းအသံသွင်းစတူဒီယို နှင့် တူရိယာပစ္စည်း ဆက်ကပ်ပွဲအခမ်းအနားပြုလုပ်ခဲ့ကြောင်း။

ယင်းအခမ်းအနားတွင် သိက္ခာတော်ရဦးတိမောသေမူနားပေါလ် (သာသနာပိုင်ချုပ်) နှင့် သိက္ခာတော်ရဦးကယ်လီပီလျန်း(အတွင်းရေးမှူးချုပ်)တို့က ဆုတောင်းဆက်ကပ်ပေးခဲ့ကြောင်း။

အဆိုပါ စတူဒီယို (ARS)အခန်းနှင့် တူရိယာပစ္စည်းဆက်ကပ်ပွဲအခမ်းအနားတွင် သိက္ခာတော်ရဦးတိမောသေမူနားပေါလ် နှင့် ဆရာဦးဒက်စ်မွန်တို့၏ဂုဏ်တော်ချီးမွမ်းခြင်းသီချင်းဖြင့် စတင်အသံသွင်း ဖွင့်လှစ်ခဲ့ကြောင်း၊ မိမိ၏အသံအားဖြင့် ဆက်ကပ်လိုသူတိုင်း မျှော်လင့်ခြင်းအသံတေးသံသွင်း (ARS) တွင်လာရောက်၍ အသံသွင်းနိုင်ကြောင်း သတင်းရရှိပါသည်။





------- ******* -------

# မျှော်လင့်ခြင်းအသံ ပြင်ဦးလွင်စတူဒီယိုအသစ်ဆောက်လုပ်ခြင်း



မျှော်လင့်ခြင်းအသံ၊ပြင်ဦးလွင်စတူဒီယို အသစ်ဆောက်လုပ်နိုင်ရန် Pr. ကိုင်ခန့်ခွါလ် မှ USA သို့ သွားရောက်အလှူခံပြီး ရရှိသည့် အလှူငွေနှင့်အတူ AWR ဌါနချုပ်မှ ကူညီပံ့ပိုးမှုအားဖြင့် ၂၀၁၅ခုနှစ်၊ အောက်တိုဘာလတွင် ဆောက်လုပ်ခဲ့ရာ မကြာမီအချိန်တွင် ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ ၎င်းစတူဒီယိုပြီးစီးပါက ချင်းဘာသာ၊ ကချင်ဘာသာ နှင့် ရှမ်းဘာသာအားဖြင့် အသံသွင်းသွားမည်ဖြစ်ပါသည်။

အလှူငွေအားဖြင့်သော်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း ပါဝင်ကူညီသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။





# “အသင်းသားတိုင်းပါဝင်အမှုတော်တွင်”

ဧရာဝတီတိုင်းသာသနာနယ်အတွင်း၊ အသင်းတော်၏စီမံကိန်းဖြစ်သော “အသင်းသားတိုင်းပါဝင်အမှုတော်တွင်” လုပ်ငန်းများကျင်းပခဲ့ရာ ဇန်နဝါရီလ ၃၀-၃၁ရက်အထိ၊ ပုသိမ်အရှေ့နယ် ရုံးတောအသင်းတော်တွင် အသင်းတော်အသီးသီးမှ ကိုယ်စားလှယ် ၁၅၀ခန့် တက်ရောက်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၆ရက်နေ့တွင် မြောင်းမြနယ်တောင်ပေါ်စုအသင်းတော်တွင် အသင်းတော်အသီးသီးမှ ကိုယ်စားလှယ် ၂၀၀ခန့်တက်ရောက်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၂၀ရက်နေ့တွင် ကျုံပျော်နယ်၊ ကျွန်းတောစုအသင်းတော်တွင်လည်းကောင်း၊ ဖေဖော်ဝါရီလ ၂၇ရက်နေ့တွင် ရိုးမအနောက်နယ် ပိတောက်ကုန်းအသင်းတော်တွင်လည်းကောင်း၊ မတ်လ ၆ရက်နေ့တွင် ရိုးမအရှေ့နယ် ပုသိမ်မြတ်တိုအသင်းတော်တွင်လည်းကောင်း၊ မတ်လ ၂၆ရက်နေ့တွင် ဖျာပုံနယ် အောင်ကုန်းအသင်းတော်တွင်လည်းကောင်း အသီးသီးကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

# ရိုးမအရှေ့နယ်ရက်တိုတရားပွဲ

ရိုးမအရှေ့သာသနာနယ်စီး ဆရာတော်ဦးညွန့်ဝင်းမှဦးဆောင်ကာ ပုသိမ်ချောင်းသာလမ်းတွင်ရှိသော အောင်ချမ်းသာရွာတွင် ရက်တိုတရားပွဲကျင်းပခဲ့ရာ တရားပွဲအပြီး မတ်လ ၃၀နေ့တွင် ၁၁ဦးနှစ်ခြင်းမင်္ဂလာ ခံယူခဲ့ကြောင်း သတင်းရရှိပါသည်။

# စုပေါင်းနှစ်ခြင်းခံယူခြင်းအစီအစဉ်

ဧရာဝတီတိုင်း၊ ပုသိမ်အရှေ့နယ်ရှိအသင်းတော်များ၏ စုပေါင်းနှစ်ခြင်းခံယူခြင်းအစီအစဉ်ကို ၂၀၁၆ခုနှစ်၊ မေလ ၂၈ရက်နေ့တွင် အင်းမရုံးတောအသင်းတော်တွင် စုရုံးကာ နီးစပ်ရာအသင်းတော် ၅ပါးပါဝင်ခဲ့ကြောင်း၊ ၎င်းအစီအစဉ်တွင် မြန်မာယူနီယံဓမ္မရေးရာဌါနညွှန်ကြားရေးမှူး Pr.ခင်မောင်လတ်နှင့်အတူ ဧရာဝတီတိုင်းမှညွှန်ကြားရေးမှူး Pr.ချာချီသောင်း၊ အငြိမ်းစားသိက္ခာတော်ရ ဦးဆင်မြူရယ်ဖိုးတို့မှ ပါဝင်ဦးဆောင်ခဲ့ကြောင်း၊ စုစုပေါင်းနှစ်ခြင်းခံယူပွဲတွင် တန်ဖိုးရှိသော ဝိညာဉ် ၁၂လုံး ရိတ်သိမ်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

# တိုးတက်မှုလက္ခဏာပြသခဲ့သောလပွတ္တာနယ်

ဧရာဝတီတိုင်း၊ လပွတ္တာနယ်သည် ကျားချောင်း၊ ရေတွင်းချောင်း၊ ပိန္နဲကုန်း၊ သာယာကုန်းစသည့် အသင်းတော်များဖြင့် ဖွဲ့စည်းထားရာ လွန်ခဲ့သော ၂၀၀၈ခုနှစ်တွင် နာဂစ်မုန်တိုင်းကြောင့် ကြီးမားစွာသော ဆုံးရှုံးမှုကြီးနှင့် တွေ့ကြုံခဲ့ရပါသည်။ သို့သော်လည်း ခိုင်မြဲသောယုံကြည်ခြင်းအုတ်မြစ်ချထားသော အသင်းတော်သည် ပိုင်ဆိုင်မှုများ၊ အဆောက်အဦးများပြိုကျပျက်စီးသွားသော်လည်း ဝိညာဉ်ရေးတွင် လဲပြိုမသွားဘဲ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများပြုလုပ်ကာ အမှုဆောင်များ၊ အသင်းသူ/သားများ ညီညာလက်တွဲကာ သာသနာခရီးကို ဆက်လက်ချီတက်ခဲ့ကြပါသည်။

၂၀၁၆ခုနှစ်၏ “ကမ္ဘာကိုအရောက်လှမ်းပါ၊ အသင်းသားတိုင်းပါဝင်အမှုတော်တွင်” ဆောင်ပုဒ်အတိုင်း ဧပြီလ ၁-၃ရက်အထိ လပွတ္တာနယ်၊ ရေတွင်းချောင်းအသင်းတော်တွင်ကျင်းပခဲ့ကြောင်း၊ ဧရာဝတီတိုင်းသာသနာအဖွဲ့ချုပ်မှ သာသနာပိုင် Pr.စက်စန်ဦးဆောင်ပြီး၊ အတွင်းရေးမှူး Pr.အေဝမ်းသိန်း၊ ဘဏ္ဍာရေးမှူးဆရာဦးဇော်ဝင်းနှင့်အတူဌါနဆိုင်ရာညွှန်ကြားရေးမှူးများမှ မိမိတို့အခန်းကဏ္ဍအလိုက်

# ဧရာဝတီတိုင်းသာသနာလုပ်ရှားမှုများ

## ဝန်ကြီးချုပ်နှင့်ဆုတောင်းပွဲ

၂၀၁၆ခုနှစ်၊ ဧပြီလ ၂၅ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်သာသနာနယ်အဖွဲ့ချုပ်တည်ရှိရာ အမှတ်(၅)ပုသိမ်-မုံရွာလမ်း၊ ၁၅ရပ်ကွက်၊ ပုသိမ်မြို့သို့လာရောက်လျက် ဝတ်ပြုဆုတောင်းပွဲ အစီအစဉ်ကို ကျင်းပခဲ့ကြောင်း။

အဆိုပါဆုတောင်းပွဲအစီအစဉ်ကို ဝန်ကြီးချုပ်နှင့်အတူ ဧရာဝတီတိုင်းဒေသကြီးတိုင်းရင်းသားရေးရာ ဝန်ကြီးဒေါ်မို့မို့မြင့်သူလည်း တက်ရောက်ခဲ့ကြောင်း။

ယင်းဆုတောင်းပွဲတွင် ဝန်ကြီးချုပ် မန်းဂျော်နီကိုယ်တိုင်မိန့်ခွန်းပြောကြားခဲ့ရာတွင် "ယနေ့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ကျွန်တော့ကိုရွေးချယ်တာဝန်ပေးခဲ့ပါတယ်။ ဒီတာဝန်ကို ကျွန်တော် လုံးဝမကြောက်ပါ။ နိုင်ငံတော်ကပေးအပ်တဲ့တာဝန်ကို အောင်မြင်စွာလုပ်ဆောင်နိုင်မယ်လို့ ကျွန်တော့်ကိုယ် ကျွန်တော်ယုံကြည်စိတ်ချပါတယ်"ဟု ရဲရဲဝံ့ဝံ့ပြောကြားခဲ့ကြောင်း။

ဆက်လက်ချီတက်ရမည့်လမ်းခရီးကို ငွေကြေးဟူသော (Money)ဖြင့်မခင်းဘဲ နာခံလုပ်ဆောင်ခြင်း (Obedience)ကို အခြေပြုတည်ဆောက်သွားမည်ဖြစ်ကြောင်း။ ထို့အတူ တိုင်းရင်းသားရေးရာဝန်ကြီးကလည်း တိုင်းရင်းသားများ၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတိုးတက်အောင်မြင်မှုအတွက် ရှေးရှုကာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအပေါ်ထားရှိသော သူ၏သဘောထားနှင့် စေတနာများကို ဖေါ်ပြပြောကြားခဲ့ကြောင်း။

ထိုဝတ်ပြုဆုတောင်းခြင်းအစီအစဉ်တွင် ခရစ်တော်ကို မြော်လင့်သောသတ္တမနေ့အသင်းတော် သာသနာနယ်အသီးသီးမှ သိက္ခာတော်ရဓမ္မဆရာတော်ကြီးများစုံလင်စွာတက်ရောက်ပြီး အထူး ဆုတောင်းခြင်းအဖြစ် သိက္ခာတော်ရဓမ္မဆရာတော်ကြီးဦးမူးလာကျော်က ဝန်ကြီးချုပ်နှင့် အစိုးရသစ်အတွက် ကောင်းချီးပေးကာ အထူးမေတ္တာပို့ဆုတောင်းပဌနာပြုခဲ့ကြောင်း သတင်းရရှိပါသည်။









# VOP ဌာန၏လှုပ်ရှားမှုများ



ဗျာဒိတ်တော်အသံ Voice of Hope (VOP) ဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာမဒေါ်စိုးစန္ဒာသည် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂ရက်နေ့တွင် လသာမြို့နယ် ၂၃လမ်းရှိ ကိုးရီးယား ကျန်းမာရေးပရဟိတစင်တာတွင် 'ရောဂါဖြစ်မှကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပို၍အကျိုးရှိခြင်း' ဟူသောအကြောင်းအရာကိုလည်းကောင်း၊ ၂၀၁၆ခုနှစ် ဖေဖေါ်ဝါရီလ ၂၆ရက်နေ့တွင် သင်္ဃန်းကျွန်း မြို့နယ်ရှိ ကိုးရီးယားပရဟိတစင်တာတွင် "ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းတစ်လျှောက်တွင် ကျောက် တည်ခြင်းအကြောင်းကိုလည်းကောင်း၊ ၂၀၁၆ခုနှစ် မတ်လ၂၄ရက်နေ့တွင် "ဂေါက်အဆစ်ရောင်ရောဂါ အတွက် ဆောင်ရန်၊ ရှောင်ရန်အကြောင်းကိုလည်းကောင်း၊ ၂၀၁၆ခုနှစ် မေလ၁၀ရက်နေ့တွင် အရိုးပါး ရောဂါအကြောင်းကို လည်းကောင်းသွားရောက်ကာ ပညာပေးဟောပြောခဲ့ကြောင်း။

ထို့အပြင်ဆရာမဒေါ်စိုးစန္ဒာသည် ၂၀၁၅ခုနှစ် ဖေဖေါ်ဝါရီလ၃ရက်နေ့တွင် ၂၃လမ်းရှိ ကိုရီးယားမီဂန်ကျန်းမာရေးပရဟိတစင်တာတွင် "ကျန်းမာခြင်းနှင့်အသက်ရှည်ခြင်း" သင်ခန်းစာဖြေဆိုပြီး သူများကိုလည်းကောင်း၊ ၂၀၁၆ခုနှစ် ဖေဖေါ်ဝါရီ ၂၆ရက်နေ့တွင် "ခရစ်တော်၏အသက်တာနှင့် သွန်သင်ချက်များ" သင်ခန်းစာကိုဖြေဆိုသည့် မွတ်စလင်ဘာသာဝင် ဟာဂျီဒေါ်စိမ်းနှင့် သူမ၏ခင်ပွန်း ဦးသန့်ဇင် တို့ကိုလည်းကောင်း၊ ၂၀၁၆ခုနှစ် မေလ၁၀ရက်နေ့တွင် "ကျန်းမာခြင်းနှင့် အသက်ရှည်ခြင်း" သင်ခန်းစာကို ဖြေဆိုအောင်မြင်သူများကို ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခဲ့ကြောင်း။

ထို့အတူ ဆရာမမိုးသူဇာကလည်း "ကျန်းမာခြင်းနှင့်အသက်ရှည်ခြင်း" သင်ခန်းစာဖြေဆိုပြီး သူများကို ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

# Communication and PARL Advisory

**May 24-31, 2016**



SSD သာသနာ့ဆက်သွယ်ရေးဌာနမှကြီးမှူးကျင်းပသော Adviosry တွင် GC, SSD နှင့် Union မှ ညွှန်ကြားရေးမှူးများ

# မြန်မာယူနီယံဌာနဆိုင်ရာလုပ်ရှားမှုများ

## (ပညာရေးဌာန)

### ၂၀၁၆– ၂၀၁၇ခုနှစ်    ပညာသင်နှစ်၏ စာရင်းဇယား

| ကျောင်း | အရေအတွက် | ဆရာ/ မများ | ကျောင်းသူ/ သားများ |
|---|---|---|---|
| ကောလိပ် | ၁ | ၃၁ | ၅၆၃ |
| အထက်တန်းကျောင်း | ၉ | ၁၄၉ | ၂၂၉၂ |
| အလယ်တန်းကျောင်း | ၁၂ | ၉၆ | ၇၇၀ |
| မူလတန်းကျောင်း | ၄၅ | ၁၄၇ | ၂၄၁၇ |
| မူကြို | ၄၂ | ၅၃ | ၇၈၃ |
| စုစုပေါင်း | ၁၀၉ | ၄၇၆ | ၆၈၂၅ |



## တွဲတေးဘုရားကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း



ကိုးရီးယားနိုင်ငံမှ အလှူရှင်အသင်းထောက်စောနှင့်မိသားစုမှ တွဲတေးဘုရားကျောင်းအား အသစ်ဆောက်လုပ်ပေးမည်ဖြစ်ပါ၍ ပန္နက်ရိုက်အုတ်မြစ်ချခြင်းအစီအစဉ်ကို ၂၀၁၆ခုနှစ် ဇွန်လ ၂၂ရက်နေ့တွင် ရန်ကုန်တိုင်းဉက္ကဌ Pr.မောင်မောင်ဌေး၊ အတွင်းရေးမှူး Pr.ခင်မောင်ရင်နှင့် အတူ သာသနာ့ဆက်သွယ်ရေးဌာနညွှန်ကြားရေးမှူး Pr.ရှိုင်းသာတို့မှ ဦးဆောင်ခဲ့ပြီး ကောင်းမွန်စွာ ဆောက်လုပ်ပြီးစီးနိုင်ရန် အထူးဆုတောင်းဆက်ကပ်ခဲ့ကြောင်း သတင်းရရှိပါသည်။





ကိုးရီးယားမှလူငယ်များနှင့်ရေပူဓမ္မကျမ်းစာကျောင်းမှ လူငယ်များအမှတ်တရပုံ



ကိုးရီးယားမှလူငယ်များအဖွဲ့



ဆေးကုသနေပုံ



# မြန်မာယူနီယံဌာနဆိုင်ရာလှုပ်ရှားမှုများ

## (ကျန်းမာခြင်းဌာန)

## အသက်၏နည်းဥပဒေသများဟောပြောပွဲ

## Law of Life Seminar

၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီ ၅ရက်။



ကျန်းမာရေးဌာနမှ ကြီးမှူးကျင်းပသော အသက်၏နည်းဥပဒေသများဟောပြောပွဲ (Law of Life )ကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက်နေ့မှ ဖေဖော်ဝါရီလ ၅ရက်နေ့အထိ၊ အမှတ်၆၈၊ဦးဝိစာရလမ်းရှိ ခရစ်တော်ကို မြော်လင့်သောသတ္တမနေ့အသင်းတော်(ရန်ကုန်ဗဟိုအသင်းတော်)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအသက်၏နည်းဥပဒေသများဟောပြောပွဲကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်နေ့၊ ညနေ ၆နာရီမှာအစပြုခဲ့ပြီး Dr. Horst Mueller က ညစဉ် ၆နာရီမှ ၈နာရီအထိ ဟောပြောခဲ့ကြောင်း။

ထိုဟောပြောပွဲတွင် စိတ်ဝိညာဉ်နှင့် ခန္ဓာအကြောင်း၊ ပျော်ရွှင်သောစိတ်နှလုံးရှိပါက ကျန်းမာမည်ဖြစ်ကြောင်း၊ ရောဂါဝေဒနာရရှိခြင်းသည် စိတ်ကြောင့်သာများသောအားဖြင့်ဖြစ်ကြောင်း၊ သူတစ်ပါးအပေါ် မေတ္တာထားခြင်းဖြင့် အောင်မြင်ခြင်းကို ရရှိမည်ဖြစ်ကြောင်းစသည်ဖြင့် စိတ်ဝင်စားဖွယ်အကြောင်းအရာများကို စိတ်အားထက်သန်စွာ ဟောပြောခဲ့ကြောင်း။

ဟောပြောပွဲကို ညစဉ်တက်ရောက်နားထောင်ခြင်းဖြင့် ကျန်းမာအောင် မည်သို့နေထိုင်စားသောက်ရမည်၊ မည်သို့စိတ်ထားရမည်၊ မေတ္တာပွါးရမည်ဖြစ်ကြောင်းကို သိရှိရပြီး ဗဟုသုတရရှိကာ ဝိညာဉ်ခွန်အားလည်း ရရှိကြကြောင်း တက်ရောက်သောသူများက ပြန်လည်သက်သေခံပြောကြားကြကြောင်း သတင်းရရှိပါသည်။

## Youth Alive အစီအစဉ်




၂၀၁၆ခုနှစ်၊မတ်လ(၂၈-၃၁)အထိ အိမ်မဲတွင်လည်းကောင်း ၂၀၁၆ခုနှစ်၊ ဧပြီလ(၅-၈)အထိ ပြင်ဦးလွင်တွင်လည်းကောင်း ကျန်းမာရေးဌာနမှဦးဆောင်သော Youth Alive အစီအစဉ်ကို ဘုရားရှင်၏ကျေးဇူးတော်ကြောင့် အောင်မြင်စွာကျင်းပပြုလုပ်ပေးနိုင်ခဲ့ပါသည်။ လူမျိုးစုံ ဘာသာစုံပါဝင်သောကြောင့်အလင်းတရားကိုပေးနိုင်ခဲ့ပါသည်။ မြော်လင့်ခြင်းမှ ဆရာ/ဆရာမများဦးဆောင်ကာ သက်သေခံနိုင်ခဲ့ပါသည်။ လူငယ်များအတွက် ရိုးသားခြင်း၊ အကောင်းမြင်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ ကျန်းမာခြင်း၊ မူးယစ်ဆေးကင်းစင်စေခြင်း၊ ပျော်ရွှင်ခြင်း၊ ကူညီယိုင်းပင်းတတ်ခြင်း၊မိတ်ဆွေဖွဲ့ခြင်း နှင့် ဘုရားတရားအသိများကို လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။ ဝေစာများလည်း ဝေမျှနိုင်ခဲ့ပါသည်။ စုစုပေါင်း လူငယ်လူရွယ်များနှင့် ဆရာ/ဆရာမပေါင်း (၂၀၀)ကျော်နှင့်အတူ မိတ်ဆွေဖွဲ့နိုင်ခဲ့ပါသည်။






# မြန်မာယူနီယံဌာနဆိုင်ရာလှုပ်ရှားမှုများ
## (ကမ္ဘာလုံးဆိုင်ရာသာသနာဌာန)

### ၁၀နှစ်ပြည့်နှင့် ၅နှစ်မြောက်ကမ္ဘာလုံးဆိုင်ရာ သာသနာအစည်းအဝေးကြီး

၁၀နှစ်ပြည့်နှင့် ၅နှစ်မြောက် ကမ္ဘာလုံးဆိုင်ရာအစည်းအဝေးကြီးကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၂-၁၆ရက်အထိ၊ အရှေ့တောင်တိုင်းရှိ ရေပူဓမ္မကျမ်းစာကျောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း၊ ၎င်းအစည်းအဝေးကြီးတွင် ကမ္ဘာလုံးဆိုင်ရာညွှန်ကြားရေးမှူးချုပ် Pr.ချိုရန်ရှိနှင့်အတူ ကိုးရီးယားမှ အသင်းလူကြီးများ၊ ဆရာဝန်များ၊ အလှူရှင်များနှင့် လူငယ်လူရွယ်များ ပါဝင်ခဲ့ကြပြီး မစ်ရှင်အသီးသီးမှ ကမ္ဘာလုံးဆိုင်ရာအမှုတော်ဆောင်များတက်ရောက်ခဲ့ကြောင်း၊ ၎င်းအစီအစဉ်တွင် ကိုးရီးယားမှ လူငယ်များနှင့် ရေပူဓမ္မကျမ်းစာကျောင်းရှိလူငယ်များအတူတကွတွေ့ဆုံ၍ အစီအစဉ်များပြုလုပ်ခဲ့ကြောင်း၊ မြန်မာယူနီယံမှ အတွင်းရေးမှူးချုပ် Pr.ကယ်လီပီလျန်းမှ အားပေးတိုက်တွန်းခဲ့ကြောင်း၊ ၎င်းပြင် ၁၀နှစ်ပြည့်တိုင်အောင် ကမ္ဘာလုံးဆိုင်ရာသာသနာလုပ်ငန်းတွင် ပါဝင်ခဲ့ကြသော အမှုတော်ဆောင်များအား မှတ်တမ်းတင်ဂုဏ်ပြုဆုနှင့်အတူ ကိုးရီးယားမှ အလှူရှင်များအတွက် မှတ်တမ်းတင်ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။



# Pathfinder သင်တန်းဆင်းပွဲ



အရှေ့တောင်တိုင်း၊ လေးဖိုးထာ။



ဧရာဝတီတိုင်း၊ ပိတောက်ကုန်း။

## SSD Youth Advisory



၂၀၁၆ခုနှစ်၊ မေလ ၊ SSD လူငယ်ဌာနမှ ကြီးမှူးကျင်းပသော Adviosry တွင် GC, SSD နှင့် Union မှ ညွှန်ကြားရေးမှူးများ



# ပဒဲကောကျန်းမာရေးခရီးစဉ်





၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄-၂၅ ရက်အထိ၊ ပဒဲကောကျေးရွာတွင် ကျန်းမာရေးအခမဲ့ စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာဟောပြောခြင်း အစီအစဉ်ကို ကျောင်းသားမိဘများနှင့် ရွာသူရွာသားများအတွက် ပြုလုပ်ပေးခဲ့ပါသည်။ ကျန်းမာရေးအမှုဆောင်များဖြစ်သော ဦးစောဆားနေ၊ ဦးစောစိန်ထွန်း၊ ဦးစဆန်းဦးနှင့်အတူ ဒေသခံဆရာများဖြစ်သော ဦးတင်ကိုကိုသဲ၊ ဦးထွန်းအေး၊ ဦးခွန်ဝင်းကိုကို၊ ကျောင်းဆရာ/မများ ပါဝင်ကူညီခဲ့ကြပါသည်။ နေ့ပိုင်း၌ ကျောင်းသားမိဘနှင့် ရွာသားများ ၅၀ကျော်ကို ကျန်းမာရေးစစ်ဆေးပေးကာ အသိပညာပေးနိုင်ခဲ့ပြီး ညပိုင်းတွင် ပညာပေးဟောပြောခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။

# ကျန်းမာရေးစစ်ဆေးခြင်းနှင့်ပညာပေးအစီအစဉ်(ရေလဲရွာ)

၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅-၁၉ ရက်အထိ၊ ဧရာဝတီတိုင်းဒေသကြီး၊ ရေလဲကျေးရွာတွင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ပညာပေးဟောပြောခြင်းအစီအစဉ်ကို ဆရာမွန်းစတုန်းနှင့် ကျန်းမာရေးဌာနမှ ပူးပေါင်း၍ ပြုလုပ်ကျင်းပခဲ့ပါသည်။ ရေလဲကျေးရွာရှိ ကျေးရွာလူကြီးနှင့်တကွ ရွာသူရွာသားများ ၆၀ကျော်ကို စစ်ဆေးမှုနှင့်လက်တွေ့ သဘာဝကုထုံးများဖြင့် လုပ်ဆောင်ပေးခဲ့ပါသည်။ နံနက်ပိုင်းတွင် ကိုယ်ကာယလေ့ကျင့်ခန်းများ လုပ်ဆောင်ကြ၍ ညပိုင်းတွင် ပညာပေးဟောပြောခြင်းကို ပြုလုပ်ကျင်းပပေးခဲ့ပါသည်။







## လေးဖိုးထာကျေးရွာတွင်   ကျန်းမာရေးလှုပ်ရှားမှု





၂၀၁၆ခုနှစ်၊ မတ်လ ၈-၁၀ ရက်တွင် အရှေ့တောင်တိုင်းကျန်းမာရေးညွှန်ကြားရေးမှူး ဆရာဦးစိန်ထွန်းနှင့် ကျန်းမာရေးဌာနမှ ဆရာ/ဆရာမများဦးဆောင်ကာ လေးဖိုးထာကျေးရွာရှိ ကျောင်းသူ/သားများနှင့် ကျေးရွာသူ/သားများအား ကျန်းမာရေးစစ်ဆေးမှုနှင့် သဘာဝကုထုံးများဖြင့် လက်တွေ့ကုသပေးခြင်းအစီအစဉ်ကို လုပ်ဆောင်ပေးခဲ့ပါသည်။ ညပိုင်းတွင် ပညာပေးဟောပြောခြင်း အစီအစဉ်ကိုလည်း ပြုလုပ်ပေးခဲ့သည်။ ကျောင်းသူ/သားများနှင့် ကျေးရွာသူ/သား ၆၀ခန့် ပါဝင်စစ်ဆေးမှုခံယူခဲ့ကြပါသည်။





# မြန်မာယူနီယံဌာနဆိုင်ရာလှုပ်ရှားမှုများ
## (လူငယ်ဌာန)
## Pathfinder သင်တန်းဆင်းပွဲ



မြန်မာယူနီယံလူငယ်ဌာနမှ Pr. Wilson Poဦးဆောင်ကျင်းပသော Adventure Pathfinder Investiture Program ( YAS) သင်တန်းဆင်းပွဲကို ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၁၁ရက်နေ့တွင် အမှတ်(၆၈)၊ ဦးဝိစာရလမ်းရှိ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော် (ရန်ကုန်ဗဟိုအသင်းတော်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြောင်း သတင်းရရှိပါသည်။



၂၀၁၆ခုနှစ်၊ CMAS Pathfinder သင်တန်းဆင်းပွဲ

## SSD Ministerial and SI Advisory



၂၀၁၆ခုနှစ်၊ မေလ ၁၁-၁၄အထိ၊ SSD Ministerial and SI ဌာနမှ ကြီးမှူးကျင်းပသော Adviosry တွင် GC, SSD နှင့် Union မှ ညွှန်ကြားရေးမှူးများ

## SSD Women's Ministries Department Advisory



၂၀၁၆ခုနှစ်၊ မေလ ၁၆-၁၈အထိ၊ SSD Women's Ministries ဌာနမှ ကြီးမှူးကျင်းပသော Adviosry တွင် GC, SSD နှင့် Union မှ ညွှန်ကြားရေးမှူးများ



# မြန်မာယူနီယံဌာနဆိုင်ရာလှုပ်ရှားမှုများ
## (ဓမ္မရေးရာဌာန)

မြန်မာမြေပ်လင့်ခြင်းသတင်းကို ဖတ်ရှုနေကြသည့် ချစ်သောဓမ္မအမှုတော်ဆောင်များနှင့် အသင်းသူ/သား စာဖတ်ပရိသတ်များအားလုံးကို မြန်မာယူနီယံဌာနချုပ်၊ ဓမ္မရေးရာဌာနမှ ကျန်းမာရွှင်လန်းချမ်းမြေ့ကြ ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက်နှုတ်ခွန်းဆက်သလိုက်ပါသည်။

တိုင်းအသီးသီးမှ ဝိညာဉ်များကို ရိတ်သိမ်းဖို့ ပန်းတိုင်များ အသီးသီးချမှတ်ထားရာ အောက်ပါအတိုင်း ဝိညာဉ်များကို ရိတ်သိမ်းနိုင်ခဲ့သောကြောင့် ယူနီယံဓမ္မရေးရာဌာနမှ တိုင်းအသီးသီးအား မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ဝိညာဉ်တော်တန်ခိုးကို ဆက်လက်ခံယူလျက် အရှိန်အဟုန်မပျက် ဆက်လက်ပြီး ဝိညာဉ်ရိတ်သိမ်းခြင်းအတွက် စီမံကိန်းများချမှတ်လျက်လုပ်ဆောင်သွားကြပါစို့။

| တိုင်း | ဝိညာဉ်ပန်းတိုင်(၂၀၁၆) | ပထမသုံးလပတ်တွင် ရရှိသည့်ဝိညာဉ်ပေါင်း | ဒုတိယသုံးလပတ်တွင် ရရှိသည့်ဝိညာဉ်ပေါင်း |
|---|---|---|---|
| ၁။ ဧရာဝတီတိုင်း | ၈၀၀ | ၃၂ | ၃၉ |
| ၂။ အလယ်ပိုင်းတိုင်း | ၇၀၀ | ၂၆ | ၂၆ |
| ၃။ အရှေ့တောင်တိုင်း | ၈၀၀ | ၄၀ | ၃၁ |
| ၄။ အထက်ပိုင်းတိုင်း | ၁၀၀၀ | ၁၁၈ | ၆၇ |
| ၅။ ရန်ကုန်တိုင်း | ၇၀၀ | ၉၀ | ၂၆ |
| စုစုပေါင်း | ၄၀၀၀ | ၃၀၆ | ၁၈၉ |

မြန်မာယူနီယံတစ်ခုလုံး၏ ၂၀၁၆ခုနှစ် ဝိညာဉ်အလုံး ၄၀၀၀ ရိတ်သိမ်းဖို့ ပန်းတိုင်ထားရာ၊ ပထမနှင့်ဒုတိယသုံးလပတ်အတွင်း ဝိညာဉ်အလုံး ၄၉၅ လုံးကို ဘုရားရှင်၏ ကျေးဇူးတော်ကြောင့်ရိတ်သိမ်းနိုင်ခဲ့ပါသည်။

၂၀၁၆ခုနှစ်၊ အသင်တော်၏ဆောင်ပုဒ်မှာ "အသင်းသားတိုင်းပါဝင်အမှုတော်တွင်" ဆိုသည့်အတိုင်း မြန်မာယူနီယံအတွင်းရှိကြသည့် အသင်းသားတိုင်းအမှုတော်လုပ်ငန်းများ၌ ကိုယ်စီကိုယ်ငှသက်သေခံပါဝင်ကြမည်ဆိုပါက အမှုတော်ကြီးအမှန်တကယ်ပြီးဆုံးမည်ဖြစ်ပါသည်။

## လုပါ နိုးပါ သတ်ပါ

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၂-၁၆ရက်အထိ၊ အရှေ့တောင်တိုင်း၊ ရေပူဓမ္မကျမ်းစာကျောင်းတွင် ကျင်းပခဲ့သော ၅ကြိမ်မြောက်နှင့် ၁၀နှစ်ပြည့် ကမ္ဘာလုံးဆိုင်ရာသာသနာပြု(WWM) အစည်းအဝေးကြီး၌ "လုပါ၊ နိုးပါ၊ သတ်ပါ" ခေါင်းစဉ်ဖြင့် ဓမ္မရေးရာဌါနညွှန်ကြားရေးမှူး Pr.ခင်မောင်လတ်မှ သင်တန်းပို့ချခဲ့ပါသည်။

## “အသင်းသားတိုင်းပါဝင်အမှုတော်တွင်”

ဓမ္မရေးရာဌါနမှ အသင်းသားတိုင်းပါဝင်အမှုတော်တွင်သင်တန်းကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၂ရက်နေ့တွင် ကျုံပျော်နယ်၊ ရွှေကညင်ပင်အသင်းတော်တွင်လည်းကောင်း၊ ဇန်နဝါရီလ ၃၀ရက်တွင် ပုသိမ်အရှေ့မြို့နယ် ရှုံးတောအသင်းတော်တွင်လည်းကောင်း၊ မတ်လ ၅ရက်နေ့တွင် ရိုးမအရှေ့နယ်၊ ခနိတန်းအသင်းတော်တွင်လည်းကောင်း ပို့ချပေးခဲ့ပါသည်။

## သိက္ခာတင်အခမ်းအနား

၂၀၁၆ခုနှစ်၊ ဖေဖေါ်ဝါရီလ ၆ရက်နေ့ ကလေးမြို့၊ ကြို့သုံးပင်ဓမ္မကျမ်းစာကျောင်း၌ RB အစည်းအဝေးကို ကျင်းပခဲ့ရာ အထက်မြန်မာပြည်မှအမှုတော်ဆောင်များဖြစ်ကြသော

1. Saya Kham Lian Mang
2. Saya Job Biak Hlun
3. Saya Gin Lam Cin
4. Saya Living Stone
5. Saya Hau Go Thang

ဓမ္မဆရာငါးဦးတို့အား သိက္ခာတင်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

## ဓမ္မရေးရာဌာန Advisory



၂၀၁၆ခုနှစ်၊မေလ ၁၁-၁၄အထိ၊ SSD ဓမ္မရေးရာဌါနမှကြီးမှူးကျင်းပသော Adviosry တွင် GC, SSD နှင့် Union မှ ညွှန်ကြားရေးမှူးများ





အမျိုးသမီးခေါင်းဆောင်မှုသင်တန်းကိုတက်ရောက်သူများပုံ။



သင်တန်းဆင်းလက်မှတ်ပေးအပ်နေပုံ။

## အမျိုးသမီးတရားပွဲ (အထက်မြန်မာပြည်)





နေရာ။ ။ စင်းကယ်၊ ကလေးမြို့၊ အထက်မြန်မာပြည်တိုင်း။
အချိန်။ ။ မတ်လ ၁၂-၂၂၊ ၂၀၁၆ခုနှစ်။
ပါဝင်သူများ။ ။ အမျိုးသမီး/သိုးထိန်းမယ် ၇ဦးနှင ဓမ္မဆရာ ၂ဦး။
နှစ်ခြင်းခံသူ ။ ။ ၂၀ဦး

## အမျိုးသမီးခေါင်းဆောင်သင်တန်း (အဆင့်၁)



အချိန်။ ။ ဧပြီနှင့်မေလ၊ ၂၀၁၆ခုနှစ်။
နေရာ။ ။ ရန်ကုန်ဗဟိုအသင်းတော်၊ ရန်ကုန်တိုင်း။
တက်ရောက်သူ။ ။ အမျိုးသမီး (၁၈)ဦး။

## အမျိုးသမီးခေါင်းဆောင်သင်တန်း (အဆင့်၂)



အချိန်။ ။ ဧပြီနှင့်မေလ၊ ၂၀၁၆ခုနှစ်။
နေရာ။ ။ ရန်ကုန်ဗဟိုအသင်းတော်၊ ရန်ကုန်တိုင်း။
တက်ရောက်သူ။ ။ အမျိုးသမီး (၁၈)ဦး။



# မြန်မာယူနီယံဌာနဆိုင်ရာလှုပ်ရှားမှုများ
## (ဓမ္မစာပေဌာန)

### “ပြေးသောသူဖတ်နိုင်အောင် သင်ပုန်းပေါ်အက္ခရာတင်၍ရေးမှတ်လော့။”
### ဟဗက္ကုတ် ၂း၂

ချစ်သောစာဖတ်ပရိသတ်အားလုံးကို ဓမ္မစာပေဖြန့်ချီခြင်းဌာနမှ နှုတ်ခွန်းဆက်သပါသည်။ သင်တို့အားလုံးပေါ် အဖဘုရားရှင်ကောင်းကြီးချပေးပါစေ။ ဝိညာဉ်ရေးစာပေဖြန့်ချီခြင်းလုပ်ငန်းသည် အမှုတော်ကြီးတိုးတက်ရန် အရေးကြီးသော အပိုင်းတစ်ခုဖြစ်သည့်အတွက် **ဓမ္မ**ဆရာများနှင့်အသင်းသူ၊အသင်းသားများ အားလုံးစုပေါင်း၍ စာပေဖြန့်ချီခြင်း၊ ဝေစာများဝေငှခြင်းနှင့် ဗျာဒိတ်တော်နာမည် ပေးသွင်းခြင်းများ၌ တတ်အားသရွေ့ပါဝင်ကြဖို့အားပေးလိုပါသည်။

### ၂၀၁၆၊ ဇန်နဝါရီလမှဧပြီလအတွင်းဓမ္မစာပေဖြန့်ချိခြင်းပြန်တမ်းစာ

| Mission | Full Time LE | Part Time LE | Stu-dent LE | Total | No. of Hours Work | Total Sales |
|---|---|---|---|---|---|---|
| AYM | 1 | 14 | 9 | 24 | 2,575 | 1,823,825.00 |
| CMM | 3 | 12 | 14 | 29 | 3,187 | 5,570,475.00 |
| SEM | 1 | 3 | 10 | 14 | 2,392 | 3,985,800.00 |
| UMM | 1 | 15 | 5 | 21 | 2,280 | 3,140,980.00 |
| YAD | 2 | 23 | 9 | 34 | 1,665 | 3,393,500.00 |
| Grand Total | 8 | 67 | 47 | 122 | 12,099 | 17,914,580.00 |

## ၂၀၁၆၊ ဇန်နဝါရီလမှဧပြီလအတွင်းဓမ္မစာပေဖြန့်ချိခြင်းပြန်တမ်းစာ

| Mission | No.of Books Sold | Free Litera-ture Given | No. of Prayers Offered | No. of Homes Visited | Interest for Bible Study |
|---|---|---|---|---|---|
| AYM | 2,297 | 1,153 | 1,665 | 1,370 | 30 |
| CMM | 6,626 | 4,954 | 2,667 | 2,664 | 11 |
| SEM | 4,468 | 2,851 | 1,357 | 2,434 | 12 |
| UMM | 3,478 | 2,660 | 1,820 | 2,049 | 46 |
| YAD | 1,689 | 1,587 | 1,065 | 1,057 | 10 |
| Grand Total | 18,558 | 13,205 | 8,574 | 9,574 | 109 |

**၂၀၁၅ ခုနှစ်အတွင်းစာပေဖြန့်ချီခြင်း၌ထူးချွန်၍အထူးဆုရသူသုံးဦးရှိပါသည်။**

| နာမည်နှင့်တိုင်း | စုပေါင်းရောင်းရငွေ(အရင်းနှင့်အမြတ်) |
|---|---|
| 1.U San Khin (YAD) | Ks.4,471,150.00 |
| 2.Naw Pricilla Khin (YAD) | Ks.2,705,500.00 |
| 3.U Khai Khaw Mang (UMM) | Ks.4,229,800.00 |

ဓမ္မစာပေဖြန့်ချီခြင်း၊ဝေစာများဝေငှခြင်းနှင့်ဗျာဒိတ်တော်စာပေးစာယူနာမည်ပေးသွင်းခြင်းများ၌ ပိုမိုစိတ်အားထက် သန်စွာပါဝင်နိုင်ကြရန်အဖဘုရားရှင်အားလုံးပေါ် ကောင်းချီးချပေးပါစေ။

ဦးလားရော်ဘောလ်လာ
ညွှန်ကြားရေးမှူး



# မြန်မာယူနီယံဌာနဆိုင်ရာလှုပ်ရှားမှုများ
## (အမျိုးသမီးဌာန)

### ရန်ကုန်ဗဟိုအသင်းတော်မှအမျိုးသမီးများ၏ တရားပွဲ




နေရာ။ ။ ရွှေဂျို့ပင်ကျေးရွာ၊ တောင်သာ။
အချိန်။ ။ မတ်လ ၁၇-၂၆၊ ၂၀၁၆ခုနှစ်။
ပါဝင်သူများ။ ။ အမျိုးသမီး/သိုးထိန်းမယ် ၁၀ဦးနှင့် ဓမ္မဆရာ၄ဦး။
နှစ်ခြင်းခံသူ။ ။ ၁၁ဦး။

### သိုးထိန်းမယ်/မိသားစုသင်တန်း





အချိန်။ ။ မတ်လ ၂၃၊၂၄၊ ၂၀၁၆ခုနှစ်။
နေရာ။ ။ တောင်ငူ၊ အလယ်ပိုင်းတိုင်း။
တက်ရောက်သူများ။ ။ ဇနီးမောင်နှံ (၁၈)တွဲ။

# Stewardship Advisory (SSD)




၂၀၁၆ခုနှစ်၊ မေလ  SSD ဘဏ္ဍာစိုးဌါနမှကြီးမှူးကျင်းပသော Adviosry တွင် GC, SSD နှင့် Union  မှ ညွှန်ကြားရေးမှူးများ

# Stewardship Certification Seminar



မတ်လ ၂၈-၃၀ရက်၊ ၂၀၁၆ခုတွင်၊ ဧရာဝတီတိုင်းအတွက် ဘဏ္ဍာစိုးဆိုင်ရာ သင်တန်းတစ်ရပ်ကို ပုသိမ်မြတ်တိုဌာနချုပ်တွင် ကျင်းပခဲ့ရာ၊ နယ်အသီးသီးမှ နယ်စီးအားလုံးနှင့် အမှုတော်ဆောင်စုစုပေါင်း (၇၅)ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းပို့ချသူများမှာ Myanmar Union Stewardship Department Director - Pr.Khai Khan Khual နှင့်အတူ Ayeyarwady Mission မှ Saya Zaw Win နှင့် Pr.Min Lwin တို့က ပို့ချခဲ့ပါသည်။ သင်တန်းချိန်တွင် အဖွဲ့ခွဲပြီး ဘဏ္ဍာစိုးဆိုင်ရာအကြံပေးချက် (E.G White) စာအုပ်မှ သင်ခန်းစာအားလုံးကို အလှည့်ကျ တင်ပြဆွေးနွေးခဲ့ကြသည်။ သင်တန်းနောက်ဆုံးရက်တွင် Pr.Saxon Shwe က သင်တန်းသားများအားလုံးအတွက် ဆက်ကပ်ဆုတောင်းပေးပြီး သင်တန်းကို ရုပ်သိမ်းခဲ့ပါသည်။



# ဓမ္မစာပေဌာနလှုပ်ရှားမှုမှတ်တမ်း




ဓမ္မစာပေဖြန့်ချိရေးသင်တန်း၊ အရှေ့တောင်တိုင်း၊ လေးဖိုးထာရွာ (မေ ၁၁-၁၃၊ ၂၀၁၆)



ကျောင်းသူကျောင်းသားများ ဓမ္မစာပေဖြန့်ချိရေးသင်တန်း၊ အလယ်ပိုင်းတိုင်း၊ CMAS (ဇန်နဝါရီ ၁၀-၁၁၊ ၂၀၁၆)



ကျောင်းသူကျောင်းသားများ ဓမ္မစာပေဖြန့်ချိရေးသင်တန်း၊ ဧရာဝတီတိုင်း၊ MUAS (ဇန်နဝါရီ ၁၃၊ ၂၀၁၆)

## ဓမ္မစာပေဌာနလှုပ်ရှားမှုမှတ်တမ်း



ကျောင်းသူကျောင်းသားများ ဓမ္မစာပေဖြန့်ချိရေးသင်တန်း၊ အရှေ့တောင်တိုင်း၊ SEAS
(ဇန်နဝါရီ ၁၇၊ ၂၀၁၆)

## ဓမ္မစာပေဌာန Advisory




၂၀၁၆ခုနှစ်၊ ဇွန် ၂၀-၂၁ အထိ၊ SSD ဓမ္မစာပေဌါနမှကြီးမှူးကျင်းပသော Adviosry တွင် GC,
SSD နှင့် Union မှ ညွှန်ကြားရေးမှူးများ








SSD Trust Service ဌာနမှ Dr. Rex Rosas (ဝဲ) နှင့် Pr.Danielo (ယာ) သင်တန်းပေးနေပုံ

## ဘဏ္ဍာစိုးဆိုင်ရာဌာန၏ငါးနှစ်တစ်ကြိမ်စီမံကိန်းအစည်းအဝေး



၂၀၁၆ခုနှစ်၊ ဇွန်လ ၂၈ရက်မှ၂၉ရက်နေ့အထိ ဘဏ္ဍာစိုးဆိုင်ရာဌာန(Stewardship) မှကြီးမှူးကျင်းပသော ဘဏ္ဍာစိုးဆိုင်ရာဌာန၏ငါးနှစ်တစ်ကြိမ်စီမံကိန်းအစည်းအဝေးကို အမှတ်၆၈၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ရှိ ရန်ကုန်ဌာနချုပ်စည်းဝေးခန်းမတွင် ကျင်းပကြောင်း။

အဆိုပါစည်းဝေးတွင် ဘဏ္ဍာစိုးဆိုင်ရာဌာန၏ငါးနှစ်စီမံကိန်းများကို ချမှတ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းများပြုလုပ်ဆောင်ရွက်ကြောင်း။

Pastor Noldy Sakul က ဘဏ္ဍာစိုးဆိုင်ရာအကြောင်းနှင့်ပတ်သတ်သော အကြံပေး ချက်များကို ရှင်းလင်းပြောပြအကြံပေးသွားကြောင်းသတင်းရရှိပါသည်။

# (Planned Giving and Trust Services Seminar)



၂၀၁၆ခုနှစ်၊ ဇွန်လ ၂၃ရက်မှ ၂၅ရက်အတွင်း Planned Giving and Trust Service မှ ကြီးမှူးကျင်းပသော Planned Giving and Trust Service Serminar ကို အမှတ်၆၈၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ရှိ ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းတော်တွင်ကျင်းပခဲ့ ကြောင်း။

အဆိုပါညီလာခံဖွင့်ပွဲတွင် ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းတော်မှ မြန်မာနိုင်ငံလုံးဆိုင်ရာ ဥက္ကဋ္ဌကြီး သိက္ခာတော်ရဦးတိမောသေမူနားပေါလ်က တရားဒေသနာ ချီးမြှင့်ခဲ့ကြောင်း။

ဆရာကြီး၏တရားဒေသနာတွင် စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းနှင့် ပတ်သတ်သော အကြောင်းအရာများနှင့် ဘုရားရှင်သည် ကောင်းမြတ်တော်မူပြီး၊ အံ့သြဖွယ်ဖြစ်ခြင်းအကြောင်း အရာများအားဖြင့် ခွန်အားပေးသွားကြောင်း။

ညီလာခံတွင် စနစ်တကျစီစဉ်ပြီး ပေးကမ်းစွန့်ကြဲခြင်း၊ ရှင်လုကာအခန်းကြီး ၃မှ အခန်းကြီး ၁၆ကို အခြေခံလျက် ငွေနှင့် ပစ္စည်းဉစ္စာပိုင်ဆိုင်မှုအကြောင်းများ၊ ပေးကမ်းဝေငှခြင်းရှိရမည်ဖြစ်ကြောင်း၊ ဘုရားရှင်က ရွှေ၊ငွေ၊ ပစ္စည်းဥစ္စာများ၏ ပိုင်ရှင်ဖြစ်ပြီး လူများက ပိုင်ရှင်၏ ပစ္စည်းများကို ထိန်းသိမ်းရသော ဘဏ္ဍာစိုးများဖြစ်သည်ဟူ၍ ဆရာကြီး Dr. Rex Rosas နှင့် Pr.Danielo တို့က ပြောကြားရင်းအားပေးသွားကြောင်း သတင်းရရှိပါသည်။





# မြန်မာယူနီယံဌာနဆိုင်ရာလှုပ်ရှားမှုများ

## (ဥပုသ်စာဖြေနှင့်ကိုယ်ပိုင်သာသနာလုပ်ငန်းဌာန)

## ဥပုသ်စာဖြေနှင့်ကိုယ်ပိုင်သာသနာလုပ်ငန်း

အားလုံးကို မင်္ဂလာပါလို့ မြန်မာတစ်နိုင်ငံလုံးမှာရှိကြသော အသင်းသူ/သားများကို ခရစ်တော်၏ နာမတော်အားဖြင့် နှုတ်ခွန်းဆက်သပါသည်။ ၂၀၁၆ခုနှစ်မှ ၂၀၂၀ခုနှစ်အထိ၊ ၅နှစ်တာလုပ်ငန်းကို အစပြုနိုင်ရန် အမှုတော်မြတ်၌ ကျွန်တော်တို့ကို ရွေးချယ်ခန့်အပ်သော ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို ဦးစွာ ချီးမွမ်းပါသည်။

ကမ္ဘာ့ဌာနချုပ်မှချမှတ်ပေးသော ၂၀၁၆ခုနှစ်၏ဆောင်ပုဒ်မှာ "အသင်းသားတိုင်းပါဝင် အမှုတော်တွင်" ဖြစ်ပါသည်။ ၎င်းဦးတည်ချက်ကို ပြည့်မှီနိုင်ရန် ဥပုသ်စာဖြေနှင့် ကိုယ်ပိုင်သာသနာလုပ်ငန်းသည် အဓိကကျသောဌာနတစ်ခုဖြစ်ပါသည်။ အသင်းသူ/သားများ ဝိညာဉ်ရေး၌ တန်ခိုးကြီးသောသူ၊ ရင့်ကျက်သောသူ၊ ရှင်သန်သောသူများဖြစ်နိုင်ရန် ဥပုသ်စာဖြေကို အင်တိုက်အားတိုက် လေ့လာပြီး သာသနာလုပ်ငန်းတွင် ကိုယ်စီကိုယ်ငှ ပါဝင်ဖို့ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၂၀၁၆ခုနှစ် ဒုတိယသုံးလပတ်မှာ အသင်းတော်မှထုတ်ပေးသော ဥပုသ်စာဖြေစာအုပ်ထုတ်ဝေမှုကို လေ့လာကြည့်ကြပါစို့။

| စဉ် | မစ်ရှင် | လူကြီး | လူငယ် | လူလတ် | ကလေး | စကောကရင် | ပိုးကရင် | Hualngo Chin | Tedim Chin | ယုံကြည်သူအသစ် |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | AYM | ၉၃၂ | ၁၄၅ | ၃၉၁ | ၁၈၀ | ၁၄၅ | ၂၆၀ | - | - | ၂၀၀ |
| ၂။ | CMM | ၇၈၃ | ၂၇၆ | ၂၉၆ | ၂၄၀ | ၇၅ | - | - | - | ၂၀၀ |
| ၃။ | SEM | ၉၅၉ | ၂၆၅ | ၂၉၅ | ၃၃၄ | ၁၃၃၅ | ၁၉၆ | - | - | ၂၀၀ |
| ၄။ | UMM | ၇၁၂ | ၂၆၄ | ၁၉၁ | ၁၇၆ | - | - | ၆၅၀ | ၈၀၀ | ၂၀၀ |
| ၅။ | YAD | ၁၂၈၁ | ၁၄၀ | ၁၇၆ | ၁၇၀ | ၉၅ | ၅၆ | ၂၅ | ၃၀ | ၂၀၀ |
| ၆။ | MUAS | ၁၈၂ | - | - | ၅၀ | ၅၀ | ၅၀ | ၅၀ | ၉ | - |
| | စုစုပေါင်း | ၄၈၄၉ | ၁၀၉၀ | ၁၁၅၈ | ၁၁၅၀ | ၁၇၀၀ | ၅၆၂ | ၇၂၅ | ၉၁၉ | ၁၀၀၀ |

အထက်ဖေါ်ပြပါစာရင်းအရ မြန်မာလူကြီးတန်း၊ စကောကရင်လူကြီးတန်း၊ ပိုးကရင်လူကြီးတန်း၊ Hualngo Chin ၊ ချင်းလူကြီးတန်း နှင့် တီးတိန်လူကြီးတန်းအတွက် စုစုပေါင်းအုပ်ရေ (၈၇၅၅) ထုတ်လုပ်ဖြန့်ချီခဲ့ပြီး လူငယ်၊ လူလတ်၊ ကလေးတန်းအတွက် စုစုပေါင်းအုပ်ရေ (၅၀၉၈) ထုတ်ဝေဖြန့်ချီခဲ့ပါသည်။ စုစုပေါင်းအုပ်ရေမှာ (၁၃၈၅၃)ဖြစ်ပါသည်။ လက်ရှိမြန်မာနိုင်ငံလုံး၏ အသင်းသားဦးရေမှာ ၃၀၆၀၁ (ပထမသုံးလပတ်၊ ၂၀၁၆စာရင်းအရဖြစ်ပါသည်။) အသင်းသားဦးရေနှင့် ဥပုသ်စာဖြေအုပ်ရေနှိုင်းယှဉ်ကြည့်သည့်အခါ အများကြီးကွာဟမှုရှိပြီး နှစ်ခြင်းခံပြီးသားနှစ်ဦးနှင့် တစ်ဝက်ခန့်က ဥပုသ်စာဖြေစာအုပ်(၁)အုပ်ကို ဝိုင်းဖတ်သည့်ပုံစံဖြစ်နေပါသည်။ ပထမသုံးလပတ်စာရင်းအရ အသင်းသားဦးရေ ၃၀၆၀၁ရှိသော်လည်း ပုံမှန်ဥပုသ်စာဖြေကျောင်းတက်ရောက်သူဦးရေမှာ ၁၃၄၂၃သာလျှင်ရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ တစ်ပြည်လုံးဆိုင်ရာအသင်းသားများအားလုံးသည် အသက်ဝိညာဉ်အတွက် အရေးကြီးဆုံးသောအရာဖြစ်သည့် ဥပုသ်စာဖြေကို ထုတ်နိုင်အောင် အသင်းသားတိုင်းများများဖတ်ဖို့ လိုအပ်ပါသည်။ ဥပုသ်စာဖြေကျောင်းကိုလည်း မှန်မှန်တက်ရောက်ကြပြီး သင်ခန်းစာကို စိတ်ရောကိုယ်ပါ

ဆွေးနွေးကြပါ။ သို့မှသာ ဝိညာဉ်ရေးအသက်တာသည် သာမန်ကြီးထွားရင့်သန်ပြီး သာသနာလုပ်ငန်းမှာ ထိထိရောက်ရောက်ပါဝင်နိုင်မှာ ဖြစ်ပါသည်။

သင်တို့အားလုံးကို ဘုရားရှင်ကောင်းချီးမင်္ဂလာသွန်းလောင်းချပေးပြီး နှုတ်ကပါတ်တော်နှင့် ဥပုသ်စာဖြေလေ့လာခြင်းအားဖြင့် ဝိညာဉ်ပါရမီကို တည်ဆောက်နိုင်သောသူများဖြစ်နိုင်ကြပါစေ။ သူတစ်ပါးကို ပို့ဆောင်နိုင်သောသူအသီးသီးဖြစ်နိုင်ကြပါစေ။ အာမင်။

ဦးထန်ကန်းလို
ညွှန်ကြားရေးမှူး
ဥပုသ်စာဖြေနှင့်ကိုယ်ပိုင်သာသနာလုပ်ငန်းဌာန

## Sabbath School and Personal Ministries Advisory (SSD)



၂၀၁၆ခုနှစ်၊ မေလ SSD ဥပုသ်စာဖြေဌါနမှကြီးမှူးကျင်းပသော Advisory တွင် GC, SSD နှင့် Union မှ ညွှန်ကြားရေးမှူးများ



# မြန်မာယူနီယံဌာနဆိုင်ရာလှုပ်ရှားမှုများ

## (ဘဏ္ဍာစိုးဌာန)

## ဘဏ္ဍာစိုးဆိုင်ရာသာသနာလုပ်ငန်းသတင်း

၂၀၁၁-၂၀၁၅ခုနှစ်အတွင်း ဘဏ္ဍာစိုးဆိုင်ရာသာသနာလုပ်ငန်းဌာနမှ ဆယ်ဘို့တစ်ဘို့နှင့် အလှူတော်ငွေပန်းတိုင်ပြည့်မှီရန် ကြိုးစားအားပေးခဲ့ကာ ဆယ်ဘို့တစ်ဘို့ပန်းတိုင်မှာ နှစ်စဉ်နှစ်တိုင်း ပြည့်မှီကြောင်း တွေ့ရှိရပါသည်။ အလှူငွေပန်းတိုင်မှာ ၂၀၁၂နှင့် ၂၀၁၃ခုနှစ်များတွင် မပြည့်မှီခဲ့ပါ။ သို့သော် နှစ်စဉ်နှစ်တိုင်းပိုမို၍ တိုးတက်လာကြောင်းတွေ့ရပါသည်။ ၂၀၁၄နှင့် ၂၀၁၅ခုနှစ်များတွင်မူ ပန်းတိုင်ကို ပြည့်မှီနိုင်ခဲ့ကြောင်းတွေ့ရပါသည်။ ကျွန်တော်တို့ထားရှိသည့် ပန်းတိုင်များပြည့်မှီကျော်လွန်ခဲ့သော်လည်း မြန်မာပြည်တစ်ပြည်လုံး၏ သာသနာလုပ်ငန်းအတွက် လုံလောက်သောငွေကြေးမဟုတ်သေးပါ။

သို့ဖြစ်၍ ယခု ဒီဝီဇံဘဏ္ဍာစိုးသာသနာဌာန၏ အကြံပေးအစည်းအဝေး(Advisory)မှ လာမည့်(၅)နှစ်အတွင်း လုပ်ဆောင်ရမည့်နည်းစနစ်များကို ပြန်လည်အကြံပြုသွန်သင်ခဲ့ပါသည်။ ဆယ်ဘို့တစ်ဘို့နှင့် အလှူတော်ငွေပန်းတိုင်နှင့်ရရှိမှုမှာ ဘဏ္ဍာရေးမှူး၏အလုပ်ဖြစ်သောကြောင့် ယနေ့မှစ၍ အသင်းသားတိုင်းနိုးကြားရန် အဓိကထားဆောင်ရွက်ရမည်။ ဘဏ္ဍာစိုးဆိုင်ရာလက်မှတ်ရသင်တန်းများ ကျင်းပပေးရမည်။ အလည်အပတ်များများထွက်ရမည်။ အသင်းသားများ၏ ဆန္ဒကို အောက်ပါအတိုင်း တောင်းခံရမည်။

### "ကျွန်ုပ်၏ဆန္ဒ"

၁။ ကျွန်ုပ်သည် နေ့စဉ်နံနက်စောစောတွင် ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဝိညာဉ်တော်စာပေဖတ်ခြင်းနှင့် မိသားစုဝတ်ပြုခြင်းများဖြင့် ဘုရားရှင်နှင့် မိတ်သဟာရဖွဲ့ရန် ဆန္ဒရှိပါသည်။
၂။ ကျွန်ုပ်သည် သန့်ရှင်းသောဝိညာဉ်တော်၏အသုံးတော်ခံအဖြစ် မိမိကိုယ်ကိုဆက်ကပ်ကာ မိမိ၏မိသားစုဝင်များမှအစပြုကာ ကယ်တင်ခြင်းသတင်းစကားကိုဝေငှပြီး တပါးသူများထံသို့လည်း ဝေငှရန် ဆန္ဒရှိပါသည်။
၃။ ကျွန်ုပ်သည် ကျန်းမာသည့်အကျင့်စရိုက်အသစ်ကို တည်ဆောက်လိုပြီး ကျွန်ုပ်၏ ကိုယ်ခန္ဓာကိုလည်း ဘုရားရှင်၏လက်တွင်းသို့ အပ်နှံရန် ဆန္ဒရှိပါသည်။ -------------------------
၄။ ကျွန်ုပ်သည် ဘုရားသခင်၏ဘဏ္ဍာ ဆယ်ဘို့တစ်ဘို့ကို သစ္စာရှိစွာပြန်လည်ပေးအပ်ရန် ဆန္ဒရှိပါသည်။ (ဝင်ငွေ၏ ၁၀%)
၅။ ကျွန်ုပ်သည် ဝင်ငွေ၏ (    )%ကို ပုံမှန်ရာခိုင်နှုန်းအဖြစ် လွတ်လပ်သောအလှူတော်ငွေ (Free Offering )အဖြစ်လှူဒါန်းရန် ဆန္ဒရှိပါသည်။
၆။ နောက်ဆုံးအချိန်ကာလတွင် ဧဝံဂေလိတရားတော် ကမ္ဘာအနှံ့လျှင်မြန်စွာပြန့်နှံ့နိုင်ရန် ကျွန်ုပ်ထံ ယုံကြည်စွာဖြင့် ဘုရားရှင်အပ်နှံထားသည့်အရာတစ်စုံတစ်ခုကို အမှုတော်အတွက် ဆက်ကပ်ရန် ဆန္ဒရှိပါသည်။

ဘုရားသခင်၏ကူညီမစမှုအားဖြင့် --------------------  နေ့စွဲ။   ။ ---------------

"ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏။" ဖိ၊၄း၁၃။